# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ခဲ၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဓမ္မပဒ-၁၄၀)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၀)


## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဗောတံတားမှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ❖



## ကျောက်ပန်းတောင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းကောက်ယူလျက်ရှိရာ အိမ်ထောင်စု ၂၄၀၄၃ စုကောက်ခံပြီးစီး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်ရှိ အိမ်ထောင်စုလူဦးရေစာရင်းများနှင့် ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး/ကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်အထိ အိမ်ထောင်စု ၂၄၀၄၃ စုနှင့် လူဦးရေ ၈၈၈၀၄ ဦး ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

## ထူးခြားသည့် ညအပူချိန်များ

၁၇-၁-၂၀၂၃

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | -၆ | ဒီဂရီစင်တီဂရိတ် | ကျောက်မဲမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၁ | ဒီဂရီစင်တီဂရိတ် | ဟဲဟိုးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၁ | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် | | | |

မိုး/ဇလ


ယနေ့ ဖတ်စရာ

မြန်မာ - ရုရှား ယဉ်ကျေးမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု

မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

ဆောင်းပါး စာ ၆

မြန်မာပြည်မြောက်ဖျား ရေခဲတောင်များပေါ်တွင် နှင်းကျားသစ် ကျက်စားမှု ရှိ/မရှိ သုတေသနခရီးစဉ်ကို ဆောင်ရွက်နိုင်ခဲ့

ပြည်တွင်းသတင်း စာ ၁၁

မြန်မာ့အလင်း

# အရည်အသွေးကောင်းပြီး ဘေးကင်းသည့် စားနပ်ရိက္ခာများ စိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြု စီးပွားရေးအဓိကနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး စပါး၊ ပဲ၊ ပြောင်းတို့သာမက အခြားသော သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အမျိုးအမည်များစွာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိရိုးဖလာနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သူများက အများစုဖြစ်ပြီး ရင်းနှီးမြှုပ်နှံဝင်ရောက်လုပ်ကိုင်မှု နည်းပါးသည့်အတွက် နည်းပညာအရ၊ ထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးအရ၊ ဈေးကွက်အရ အိမ်နီးချင်းနိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ကျလျက်ရှိသည်။

မိမိတို့ ထုတ်လုပ်လိုက်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိနိုင်ရန်မှာ အရည်အသွေးကောင်းမွန်ရန် လိုအပ်ပြီး ရေရှည်တွင် ဈေးကွက်ခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ဘေးကင်းလုံခြုံသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများဖြစ်ရန် လိုအပ်သည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(Good Agricultural Practices) ဆိုသည်မှာ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ထုတ်ကုန်များ၌ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဓာတုအဆိပ်အကြွင်းအကျန်များ၊ ရောဂါပိုးမွှားများနှင့် မှိုအဆိပ်များ မပါဝင်စေဘဲ ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စေပြီး လုပ်သားများနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် အလေးထားဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ပြည်တွင်းပြည်ပ ဈေးကွက်များက အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စိုက်ပျိုးထွက်ကုန်များကိုသာ ရွေးချယ်ဝယ်ယူကြမည်ဖြစ်ရာ မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) နှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားကြောင်း အသိအမှတ်ပြုလက်မှတ်များလည်း လိုအပ်လာမည်ဖြစ်သည်။ GAP အသိအမှတ်ပြု လက်မှတ်ရရှိနိုင်ရန်အတွက် စတင်စိုက်ပျိုးမှုမှသည် ရိတ်သိမ်း၊ သိုလှောင်၊ သယ်ဆောင်သည့် လုပ်ငန်းကွင်းဆက်တစ်လျှောက် စိုက်ပျိုးသည့်မြေသည် အန္တရာယ်ကင်းရှင်းရန်၊ စိုက်ပျိုးရာတွင် သုံးစွဲသည့် ရေသည်လည်း သန့်ရှင်းစင်ကြယ်ရန်၊ မျိုးစေ့များနှင့် ပျိုးပင်များ ရောဂါပိုးမွှား ကင်းရှင်းရန်၊ ကောင်းမွန်သည့် သဘာဝမြေသြဇာများကို သုံးစွဲရန် စသည်တို့ အပါအဝင် အချက် (၁၆) ချက်နှင့် ကိုက်ညီရန် လိုအပ်သည်။

ယခုအခါ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၈၀၀၀ ကျော်ခဲ့ပြီ ဖြစ်သည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံမှာလည်း ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်ရာ စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်သော မိမိတို့နိုင်ငံအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းကာ ကျန်းမာရေးနှင့် ညီညွတ်စေသော စားသုံးကုန်များ ထုတ်လုပ်ခြင်းဖြင့် ခိုင်မာသော ဈေးကွက်များကို ရယူနိုင်သော အခွင့်အလမ်းကောင်းများ ရှိနေသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်ချက်များဖြစ်သည့် ခေတ်မီသိုလှောင်ရုံစနစ်များ၊ သုတေသနနှင့် ဓာတ်ခွဲခန်းများကို တည်ထောင်ပေးခြင်းဖြင့် မြန်မာ့တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပြည်တွင်း ပြည်ပ ဈေးကွက် အခိုင်အမာရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက်ကြီး (၂၅)နှစ်ပြည့်နှင့် "ဒွိပိဋကဓရ" ဘွဲ့ရ (၂၅)နှစ်ပြည့် ငွေရတုပူဇော်ပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိ၏ တိပိဋကာ လင်္ကာရ ပရိယတ္တိစာသင်တိုက်တည် (၂၅) နှစ်ပြည့်နှင့် ဒွိပိဋကဓရဘွဲ့ရ (၂၅) နှစ်ပြည့် ငွေရတုမင်္ဂလာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က သာကေတမြို့နယ်ရှိ အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသုမင်္ဂလ က ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ကျောင်းတိုက်သမိုင်းအကျဉ်းကို ဖတ်ကြားပူဇော်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်(စီမံ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်မော်က ငွေရတုမင်္ဂလာ ဆင်ယင်ကျင်းပပုံများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး(အပေါ်ပုံ) တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်အပါအဝင် တိုင်းဒေသကြီးအတွင်းရှိစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မတည်အလှူရှင်များနှင့် ခုနစ်ရက် သားသမီး အလှူရှင်များက အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ငွေရတုမင်္ဂလာကျင်းပရာ၌ ဒေါ်လွင်လွင်အောင် (Lwin Group) မိသားစုတို့က ဆရာတော်အား သိက္ခာထပ်မင်္ဂလာကျင်းပပြီး သံဃာတော် ၁၀၈ ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်း ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃာ့တက္ကသိုလ်ကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ စိန်မြဓမ္မသာလာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ငြိမ်းချမ်းရေး ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ နန်းဦးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်အပ်နှံ ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နမ့်ခိုက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးသုတေသနဦးစီးဌာန စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသန ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းဝန်ထမ်းများအား စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(ရုံးချုပ်)၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မွေးမြူရေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက သုတေသန လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး သုတေသနဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂) နှင့် အမှတ်စဉ်(၂/၂၀၂၂)ကို ပြင်ပပညာရှင်/အတတ်ပညာရှင် ဆရာဆရာမများ၊ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ကျွမ်းကျင်ဆရာဆရာမများအား ဖိတ်ကြားကာ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ သုတေသီများအတွက် အမှန်တကယ် လိုအပ်သည့် သုတေသနဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သလို စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၂)ကိုလည်း ရက်တိုသင်တန်းအဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ တာဝန်ထမ်းဆောင်နေကြသော အရာထမ်းများအား ရုံးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းလုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စေရန် Back to Back သင်တန်းအဖြစ် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ကို ဇန်နဝါရီ ၁၆ ရက်မှ ၂၇ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဌာနနှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ အားလုံးတက်ညီလက်ညီနှင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်နှင့် ဘက်လိုက်မှုမရှိဘဲ အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်နှင့် ပို့ချမည့်ဘာသာရပ်များ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မွေးမြူရေး သုတေနဦးစီးဌာန (ရုံးချုပ်)မှ အရာထမ်း ဝန်ထမ်း ၁၆ ဦး၊ အွန်လိုင်းမှ တက်ရောက်သူ မွေးမြူရေးသုတေသနစခန်းများမှ အရာထမ်း ၁၂ဦး စုစုပေါင်း အရာထမ်း ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၈ဦး တက်ရောက်သည်။



**သတင်းစဉ်**

# ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၇**

၂၀၂၂–၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း B ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ဂုဏ်သိက္ခာကို ဖော်ဆောင်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာ ကျောင်းသား အားကစားပွဲတော်တွင် ဘောလုံး(အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) နှင့် ပိုက်ကျော်ခြင်း (အမျိုးသား) အားကစားနည်းများကို ကျင်းပပေးသွားမည် ဖြစ်ပါကြောင်း၊ အားကစားဆိုသည်မှာ **“အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်တာမျိုးမဟုတ်ဘဲ ဖွဲ့ရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှု”** စသည်တို့ကိုပါ ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှု၊ ဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်တို့ကို ဖော်ဆောင်နိုင်ခြင်း ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစား မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သော နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်လာအောင် ကြိုးစားကြရန်ကိုလည်း မှာကြားလိုပါကြောင်း။

ယခင်က အာဆီယံကျောင်းသား အားကစားပွဲတော်ကို မြန်မာနိုင်ငံအနေဖြင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူ၍ ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပွဲတော်ကို ပညာရေးဝန်ကြီးဌာနက ပထမဆုံးအနေဖြင့် တာဝန်ယူပြီး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ယခုလို အခြေခံပညာ ကျောင်းသား အားကစားပွဲများကို မလွဲမသွေ ကျင်းပပေးရခြင်း ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်မှ အရည်အချင်းရှိသည့် အားကစားသမားများကို နိုင်ငံ့ကိုယ်စားပြုအဖြစ် အာဆီယံကျောင်းသား အားကစားပွဲတွင် ယှဉ်ပြိုင်ရန် ရွေးချယ်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ပွဲတော်အား ဖွင့်လှစ်ပေး**

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာ ကျောင်းသား အားကစားပွဲတော်နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ပွဲတော်အား ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းသား အားကစားပွဲတော် အထိမ်းအမှတ် အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ကြသည်။

ထို့နောက် ကျောင်းသား အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာ ကျောင်းသား အားကစားအဖွဲ့များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ်အတွဲ(၃/၄)နှင့် Physical Fitness Dance အစီအစဉ်များကို သရုပ်ပြတင်ဆက်ကြသည်။

၂၀၂၂–၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်အား ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်းအင်အား ၁၆၈၀ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက ပထမအကြိမ်အစည်းအဝေးတွင် ချမှတ်ဆုံးဖြတ်ခဲ့သည့် လုပ်ငန်းစဉ် (၆)ရပ်အနက် မူဝါဒနှင့်မဟာဗျူဟာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များ ထည့်သွင်းရေးဆွဲချမှတ်ပြီး စီမံချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDCs) အရ ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် ကတိကဝတ်များကို သတ်မှတ်ကာလအတွင်း ပြည့်မီစေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များသည် ကဏ္ဍစုံချိတ်ဆက်နေပြီး တစ်ဦးတစ်ယောက်တည်းဆောင်ရွက်၍ မရနိုင်သည့်အတွက် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်စာရင်းအင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်အရ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းညွှန်းကိန်း (၁၀၀) ဆိုင်ရာ အချက်အလက်များကို ဆက်စပ်ဌာနများမှ ပံ့ပိုးပေးနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းနှင့် လုပ်ငန်းကော်မတီဝင်များအနေဖြင့် ထိရောက်အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက လုပ်ငန်းကော်မတီ ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို ထပ်မံဖြည့်စွက်၍ ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား/ မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X–Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ရောဂါဗေဒ ပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံရေယာဉ်ပေါ်တွင် လူနာ ၃၀ အထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွား/မီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားရမည်

နေပြည်တော် ဇန်နဝါရီ ၁၇

**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဝန်ကြီးဌာန ၁၂ ခုမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက် (MSDP)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် (RDSF) ပါ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန ၁၂ခုမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင် ပညာရှင်များ ပါဝင်သော ကော်မတီဝင် ၂၆ ဦးဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။ ကော်မတီအနေဖြင့် ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထုထောင်ပေးခြင်း၊ ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီး ဌာနအသီးသီးက လုပ်ငန်းကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများသည် ကဏ္ဍပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်ရသည့်အတွက် အားလုံးပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရမည့် အပိုင်းများ၊ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘတ်ဂျက်လျာထားခြင်း ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**အကောင်အထည်ဖော်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ကျေးလက်မီးလင်းရေး လုပ်ငန်း ၁၄ ခု၊ ကျေးလက်ရေရရှိရေး လုပ်ငန်း ၂၀၄၃ ခု၊ ကျေးလက်ကုန်ထုတ်လမ်းနှင့်တံတား (၈၁၇/၁)မိုင်နှင့် ၁၁၉၄ စင်း၊ ကျေးလက်အိမ်ရာ ၇၇ လုံး၊ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်း ၇၈၇ ခု၊ ကျေးလက်စီးပွား ထူထောင်ခြင်း စီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်း ၁၇၄ ယူနစ်၊ လူထုဗဟိုပြုစီမံကိန်း ခြောက်မြို့နယ်၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းနှင့် Cash for Work စီမံကိန်း ၃၁၄၃ ရွာ၊ သင်တန်း စုစုပေါင်း ၈၂၈ ကြိမ်နှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းအားကျေးရွာ ၄၉၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**အလုပ်အကိုင်ရရှိ**

ကော်မတီဝင် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကျေးလက်လမ်း (၃၁၉၂/၀.၆၉) မိုင်၊ ကျေးလက်တံတားအစင်း ၃၁၇၀၊ ၇၉၀၆၄ ပေ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၇၉၈ ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ၈၆၃ ရွာ၊ မဟာဓာတ်အားလိုင်းပြင်ပအနေဖြင့် ဆိုလာ ၁၀၂၇ စုံ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း ၄၄၉ ကြိမ်အား သင်တန်းသား ၈၄၃၈ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၉၇၁ဦးကို အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း သိရသည်။ **သတင်းစဉ်**

□ *ရှေ့ဖုံးမှ*

ကျောက်ပန်းတောင်းမြို့နယ်၌ e-ID Sever အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းများအား မြို့နယ်အလိုက် Print ထုတ်ယူပြီး မြေပြင်ရှိ အိမ်ထောင်စုပုံစံ (၆၆/၆)ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားရှိပြီး ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရင်းကောက်အဖွဲ့များက ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သည့် ကွင်းဆင်းစာရင်းကောက်အဖွဲ့ပေါင်း ၁၃၉ ဖွဲ့ဖြင့် အိမ်တိုင်ရာရောက် စာရင်းကောက် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရပြီး ဇန်နဝါရီ ၁၆ ရက်အထိ အိမ်ထောင်စု ၂၄၀၄၃ စု၊ လူဦးရေ ၈၈၈၀၄၃ ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ စာရင်းကောက်ယူရာတွင် e-ID အိမ်ထောင်စု စာရင်းများပြည့်စုံမှန်ကန်စေရေးနှင့် e-ID နိုင်(၄)မှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေးတို့အတွက် တိုက်ဆိုင်/စစ်ဆေး/ စာရင်း ကောက်ယူခြင်းဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း စုစုပေါင်း စာရင်းကောက်ယူရန် အိမ်ထောင်စုပေါင်း ၆၉၅၀၉ ရှိ၍ လူဦးရေ ၃၀၂၁၉၃ ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့များတွင် မြို့နယ်အဆင့်ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေခြင်းဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးပိုင်နှင့် တိုက်နယ်တာဝန်ခံဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအလိုက် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး လွိုင်ကော်မြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် Line Fault နှင့် Line Losses လျှော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။ **(အောက်ပုံ)**

ဦးစွာ ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအောက်ရှိ ၃၃ ကေဗွီ၊ ကေ ၅၀၀ ဓာတ်အားခွဲရုံ(လွိုင်ကော်)သို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်မထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖီဒါအလိုက် Control Panel များရှိ မီတာ၊ Relay နှင့် ဆက်စပ်ပစ္စည်းများကို ပုံမှန်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းသွားရန်၊ ဖီဒါများရှိ ဝန်အားများကို ထိန်းညှိဆောင်ရွက်သွားရန်၊ Battery Bank နှင့် Battery Charger များကို Schedule အလိုက် စစ်ဆေးထိန်းသိမ်းရန်၊ လုပ်ငန်းစဉ်များကို ချိတ်ဆွဲထားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်၊ Line Fault နှင့် Line Losses လျှော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်နှင့် ပင်မထရန်စဖော်မာနှင့် Switchgear များကို အမြဲမပြတ်စစ်ဆေးသွားရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၁၃၂ ကေဗွီ၊ တပ်ဆင်အင်အား ၁၁၀ အမ်ဗီအေရှိသော လွိုင်ကော်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ခေတ္တခွဲရုံမှူးက ခွဲရုံသို့ ဓာတ်အားပို့လွှတ်လိုင်းများနှင့် ခွဲရုံမှ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေသည့် ပင်မဓာတ်အားခွဲရုံဖြစ်သဖြင့် ထရန်စဖော်မာများ၊ Switchgear များကို ပုံမှန်ပြုပြင်ထိန်းသိမ်း၍ ကြံ့ခိုင်မှုကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ Line Fault နှင့် Line Losses များ လျှော့နည်းကျဆင်းရေးဆောင်ရွက်ရန်၊ လုံခြုံရေးအသိ၊ သတိဖြင့်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

**သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ /ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း) (တင်သန်းဦး) ကိုယ်စား ကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်ချို အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဦးသူရိန်သန့်ဇင် ကိုယ်စား တူဖြစ်သူ ဦးဟိန်းထွဋ်နောင် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❑ *ကျောဖုံးမှ*

ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက် ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် အလင်္ကာကျော်စွာဘွဲ့ရရှိသူ အဆိုပညာရှင် ဦးသုမောင် ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးအေးမေ အား သင်္ဃန်းကျွန်းမြို့နယ်ရှိ ၎င်း၏နေအိမ်သို့ သွားရောက်၍ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်ကို လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သီရိပျံ့ချီဘွဲ့ ရရှိသူ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဒေါက်တာတင်မိုသီ ကိုယ်စား ၎င်း၏ ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်စွာစိုး၊ အိုလမာ အစ္စလမ်သာသနာ့ပညာရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ အလ်ဟာဂျ်မော်လာနာဟာပိဇ် မုဟမ္မဒ်ဆွာလေဟ် (ခ) ဦးစိုးသန်း ကိုယ်စား သားဖြစ်သူ ဦးစိုးလွင်ဦး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး ဦးအုန်း ကိုယ်စား ကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းစိုးအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာန ပြည်သူ့ရိက္ခာထောက်ပံ့ရေးနှင့် သမဝါယမဌာနဝန်ကြီး သခင်ကျော်ထွန်း ကိုယ်စား သားဖြစ်သူ ဦးကျော်ထွန်းဝင်း၊ ဇေယျကျော်ထင်ဘွဲ့ ရရှိသူ စစ်ရာထူးခန့်ချုပ် ဗိုလ်မှူးချုပ် စိုးမြင့် (ငြိမ်း) ကိုယ်စား သားဖြစ်သူ ဦးသန်းစိုး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသူ ပညာရေးဌာန ဒုတိယဝန်ကြီး ဦးသောင်းထွဋ် ကိုယ်စား တူမဖြစ်သူ ဒေါ်လွင်လွင်အေး၊ ပညာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်အေး ကိုယ်စား ချွေးမဖြစ်သူ ဒေါ်အေးအေးမြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ရှိန် ကိုယ်စား တူဖြစ်သူ ဦးလင်းအောင်၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစံတင် ကိုယ်စား တူမဖြစ်သူ ဒေါ်သဇင်ရွှေ၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ် ရဲဗိုလ်ချုပ်ကြီး ထွန်းလှအောင် ကိုယ်စား မြေးဖြစ်သူ ဆရာလေး ဒေါ်ခမ္မကုသလ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဦးသူရိန်သန့်ဇင် ကိုယ်စား တူဖြစ်သူ ဦးဟိန်းထွဋ်နောင်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ /ဒါရိုက်တာ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း သီရိပျံ့ချီဘွဲ့ရရှိသူ အိုလမာအစ္စလမ်သာသနာ့ပညာရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ အလ်ဟာဂျ်မော်လာနာဟာပိဇ် မုဟမ္မဒ်ဆွာလေဟ် (ခ) ဦးစိုးသန်း ကိုယ်စား သားဖြစ်သူ ဦးစိုးလွင်ဦး အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

(တင်သန်းဦး) ကိုယ်စား ကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်ချို တို့ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဘွဲ့လက်မှတ်များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကူညီရွှေ့ပြောင်းပေးခြင်းများဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အတွင်းရှိ ကျေးရွာ ၂၇ ရွာနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံ အိမ်ထောင်စုဝင်များကို ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဇန်နဝါရီလ ဒုတိယပတ် အတွင်းက သက်ဆိုင်ရာနေရာများ၌ ပြုလုပ်ကြရာ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်များမှ တာဝန်ရှိသူများ၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာသူ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စု ၅၄ စုအတွက် ထောက်ပံ့ငွေကျပ် ၂၇ သိန်းနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စု ၃၃၃ စုတို့အတွက် ထောက်ပံ့ငွေကျပ် ၁၆၆၅၀၀၀၀ တို့ကို သက်ဆိုင်ရာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ပြန်လည် နေထိုင်ကြမည့် ယာယီနေရပ်စွန့်ခွာသူများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အိမ်ထောင်စုဝင်များ၏ အိမ်သုံးပစ္စည်းများကို သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ ကုန်ထုတ်လမ်းများ ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း (၇) လမ်း၊ စုစုပေါင်း (၉/၅.၃၆၄) မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရက်သီမကျေးရွာ ကုန်ထုတ်လမ်းအပိုင်း (၂) နှင့် ကင်းရွာ ကုန်ထုတ်လမ်း စုစုပေါင်း (၂/၀.၅၂) မိုင်အား (၁၀၀) ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်၍ ဒေသခံတောင်သူများ ရာသီမရွေး သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# မြန်မာ – ရုရှား ယဉ်ကျေးမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု

— — — ဒေါက်တာမောင်သင်း — — —

“ကမ္ဘာ့အထွတ်အထိပ်သို့ရောက်လိုလျှင် ပညာရေးကို မြှင့်တင်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိပေ”
မာကာရင်ကို (ရုရှားပညာရေးပညာရှင်)

နှစ်ပေါင်း (၇၅) နှစ်ဆိုသည့် “စိန်ရတု” ခရီးပင် ပေါက်မြောက်ခဲ့လေပြီ။ “စိန်” ဆိုသည်မှာ ကမ္ဘာ့အမာကြောဆုံး တွင်းထွက်ပစ္စည်းပါ။ နှစ်နိုင်ငံချစ်ကြည်ရေး ဆက်ဆံမှုသည်လည်း မာခဲ၊ ခိုင်မြဲခဲ့၍သာ စိန်ရတုခရီးသို့ ချီတက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က ရွှေလမ်းငွေလမ်းစတင်ဖောက်ခဲ့သည့် ရုရှား – မြန်မာ သံတမန်ဆက်ဆံရေးသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်ဆိုလျှင် (၇၅) နှစ် တင်းတင်းပြည့်ပါလိမ့်မည်။ တင်းကျပ်စွာ ဆုပ်ကိုင်ခဲ့သည့် မိတ်ကောင်းဆွေကောင်းများ၏ လက်များသည် မဖြုတ်စတမ်းခိုင်မြဲအောင် ခေါင်းဆောင်ကောင်းများက ခေတ်အဆက်ဆက် ထိန်းသိမ်းနိုင်ခဲ့ခြင်း၏ရလဒ်ဖြစ်ပေသည်။

**သိပ္ပံပညာရှင် သုံးဦး၏ ရုရှား – မြန်မာ ချစ်ကြည်ရေး ကြိုးပမ်းမှု**

ကုန်းဘောင်ခေတ် မြန်မာ့ပညာတော်သင်လူငယ် ၉၀ ခန့်အား ပြင်သစ်၊ အီတလီ၊ အင်္ဂလန်နိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ထိုအထဲတွင် အထင်ရှားဆုံးမှာ ဖန်ချက်ဝန်ဦးရွှေအိုး ဖြစ်သည်။ သူသည် ပြင်သစ်မှ မဟာသိပ္ပံဘွဲ့နှင့် မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သူဖြစ်သည်။ ကင်းဝန်မင်းကြီး ဦးကောင်းအား ပြင်သစ်အကူအညီရရှိရေးအတွက် နှစ်ကြိမ်တိုင်တိုင်စေလွှတ်ပြီး သံခင်း၊ တမန်ခင်းဖောက်ခဲ့ပါသည်။ သို့သော် မအောင်မြင်ခဲ့ပါ။ သို့ပါ၍ ၁၈၇၅ ခုနှစ် နိုဝင်ဘာလတွင် ဦးမြိမ့် ဦးဆောင်သည့် သံအဖွဲ့ကို အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ရောမနိုင်ငံများသို့ စေလွှတ်ခဲ့၏။ ရုရှားနှင့် ဆက်သွယ်ရန် ရည်ရွယ်ပုံရ၏။ ၁၈၇၇ ခုနှစ်တွင် သံအဖွဲ့ပြန်လာခဲ့၏။ ရုရှားနှင့် အဆက်အသွယ်ရခဲ့ဟန် မတူပါ။

ရုရှား၏ သြဇာသည် ဥရောပတစ်ခွင်တွင် အလွန်ပင်ကြီးကြောင်း မင်းတုန်းမင်းကြီးက သတိပြုမိ၍ ရုရှားနှင့်မဟာမိတ်ဖွဲ့ရန် လွန်စွာအာသီသရှိခဲ့သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ၁၈၇၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖန်ချက်ဝန်ထောက် ဦးရွှေအိုးအား သံခန့်အပ်ကာ ပြင်သစ်နှင့် အီတလီသို့ ထပ်မံစေလွှတ်ခဲ့သည်။ ပညာတော်သင်လူငယ် သုံးဦးလိုက်ပါသွားသဖြင့် “ပညာသင်များအား ပြင်သစ်သို့ လိုက်ပို့သည့်ခရီးစဉ်” ဟု လူသိများပါသည်။

တကယ်တော့ ရုရှားနှင့် အဆက်အသွယ်ရရန် ကြိုးပမ်းသည့် ခရီးစဉ်သာ ဖြစ်ပါသည်။ ပြင်သစ်သို့ ရောက်ရှိလျှင် ဦးရွှေအိုးသည် ပညာသင်ကျောင်းသားဘဝက ရင်းနှီးခဲ့သူ လေယာဉ်ပျံသန်းရေးဆိုင်ရာ သိပ္ပံပညာရှင် “အာဘယ်ဟူရိုဒဗီလ်နဖ်” နှင့် ဆက်သွယ်ခဲ့သည်။ သူသည် မြန်မာများအပေါ် အလွန် သံယောဇဉ်ကြီးသူ ဖြစ်သည်။ မြန်မာ့ကိစ္စများကို ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် စေတနာထားဆောင်ရွက်သူဖြစ်သည်။ ဦးရွှေအိုးသည် မြန်မာနှင့် ပြင်သစ်စီးပွားရေးစာချုပ် ချုပ်ဆိုနိုင်ရေးနှင့် ရုရှားနိုင်ငံနှင့် ဆက်သွယ်ရေးတို့အတွက် အာဘယ်ဟူရိုနှင့် တိုင်ပင်သည်။ အာဘယ်ဟူရိုက ပြင်သစ်ထိပ်တန်းအာဏာပိုင်များထံ အကူအညီတောင်းခဲ့သော်လည်း ပြင်သစ် – မြန်မာစီးပွားရေး စာချုပ်ချုပ်ဆိုရေးကား မအောင်မြင်ခဲ့ပေ။

သို့ဖြစ်၍ ရုရှား–မြန်မာ အဆက်အသွယ်ရရေးသို့ ဦးလှည့်ဆောင်ရွက်ခဲ့သည်။ တိုက်ဆိုင်စွာပင် ၁၈၇၈ ခုနှစ် ဒီဇင်ဘာလတွင် ဓာတုဗေဒပညာရပ်၌ ပီရောဒစ်ဇယား (Periodic Table) စတင်တီထွင်ခဲ့မှုကြောင့် ယနေ့တိုင်ထင်ရှားနေသူ ရုရှားဓာတုဗေဒပညာရှင် ဒီမီထရီမင်ဒယ်လီသည် ဓာတုဗေဒနှင့် လေယာဉ်ပျံသန်းရေးဆိုင်ရာ ပညာရပ်များကို လေ့လာရန်အတွက် ပြင်သစ်သို့ ရောက်လာခဲ့သည်။

ထိုစဉ်က ပြင်သစ်နိုင်ငံ၏ လေယာဉ်ပျံသန်းမှုပညာရပ်ဆိုင်ရာ အသင်းဥက္ကဋ္ဌဖြစ်သူ အာဘယ်ဟူရိုနှင့်တွေ့ဆုံခဲ့သည်။ အာဘယ်ဟူရို၏ မိတ်ဆက်ပေးမှုကြောင့် ရုရှားဓာတုဗေဒပညာရှင်နှင့် “မြန်မာ့အစဦးဆုံး ဓာတုဗေဒကျမ်း” ကို ယောအတွင်းဝန်ဦးဘိုးလှိုင်နှင့်တွဲ၍ ပြုစုခဲ့သူ “ဖန်ချက်ဝန်ထောက်ဦးရွှေအိုး” တို့ တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြသည်။ ပညာရှင်အချင်းချင်း ပညာရပ်နှီးနှောဖလှယ်ရာမှ အာဘယ်ဟူရိုနှင့် ဦးရွှေအိုးက ရုရှား–မြန်မာအဆက်အသွယ်ရရေးကို မင်ဒယ်လီအား အကူအညီတောင်းခံခဲ့ရာ အတတ်နိုင်ဆုံးကူညီရန် ကတိပေး၏။ ပဲရစ်မြို့ရှိ ရုရှားသံရုံးသို့သွားကာ သံအမတ်ကြီးအား “နယ်ချဲ့လက်တွင်းသို့ ကျရောက်ရန် တည်းတည်းကလေးမျှသာ ကျန်သည့်မြန်မာပြည်ကို အကူအညီပေးရန် တိုက်တွန်းခဲ့ပေသည်”။


မင်ဒယ်လီ၏ တင်ပြချက်၊ တိုက်တွန်းချက်တို့ကို အင်္ဂလိပ်နှင့် ဆက်ဆံရေး ပျက်မည်စိုးသည်ဟူသည့် အကြောင်းပြချက်ဖြင့် ပယ်ချခဲ့သည်။ သို့သော် မင်ဒယ်လီသည် လက်မလျှော့ဘဲ ၁၈၇၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့စွဲဖြင့် ရုရှားအိမ်ရှေ့စံမင်းသားကြီး နီကိုလိုင်အလက်ဇန္ဒားထံသို့ မြန်မာပြည်၏အခြေအနေအရပ်ရပ်ကို ဖော်ပြပြီး မြန်မာတို့အနေဖြင့် ရုရှားတို့နှင့် မဟာမိတ်ပြုလိုသည့်ကိစ္စအား ရုရှား ဇာဘုရင်ထံ တိုက်ရိုက်တင်ပြပေးရန် စာရေးသားပေးပို့ခဲ့သည်။ သို့သော် အိမ်ရှေ့မင်းသားထံမှ မင်ဒယ်လီထံ အကျိုးအကြောင်း ပြန်ကြားခဲ့ခြင်း မရှိဟု လေ့လာခဲ့ရပါသည်။ ဤသည်မှာလွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀ ကျော်ခန့်က ရုရှား–မြန်မာချစ်ကြည်ရေးအတွက် ရုရှား၊ မြန်မာ၊ ပြင်သစ်သိပ္ပံပညာရှင် သုံးဦး၏ ကြိုးပမ်းမှုမှတ်တမ်းပင် ဖြစ်ပါသည်။

**ပညာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့လက်အောက် ကျရောက်သွားပြီးနောက် ရုရှားနိုင်ငံနှင့် မြန်မာဘုရင် (သို့) လွတ်လပ်သည့် ကိုယ့်မင်းကိုယ့်ချင်း အစိုးရဆက်ဆံရေး ဆိတ်သုဉ်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးရပြီးနောက် တစ်လကျော်အကြာ ဖေဖော်ဝါရီ ၁၈ ရက်တွင် မြန်မာနှင့် ဆိုဗီယက်ယူနီယံတို့ သံတမန်ဆက်ဆံရေး စတင်ခဲ့သည်။

- ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးရပြီးနောက် တစ်လကျော်အကြာ ဖေဖော်ဝါရီ ၁၈ ရက်တွင် မြန်မာနှင့် ဆိုဗီယက်ယူနီယံတို့ သံတမန်ဆက်ဆံရေး စတင်ခဲ့
- ယနေ့ခေတ်တွင်လည်း “ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း” ဖွဲ့စည်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်ကတည်းက စတင်ကြိုးပမ်းလာခဲ့ရာ ၂၀၂၁ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခဲ့
- ရုရှားပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ၁၉၉၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မြန်မာကျောင်းသားပေါင်း ၄၇၀၀ ကျော် ရုရှားတွင် ပညာသင်ကြားခဲ့


ဖန်ချက်ဝန်ထောက် ဦးရွှေအိုး


ရုရှားဓာတုဗေဒပညာရှင် ဒီမီထရီမင်ဒယ်လီ

သံတမန်ဆက်သွယ်ပြီး နောက်ပိုင်းပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး လုပ်ငန်းများလည်း ဆောင်ရွက်ခဲ့သည်။ မှတ်တမ်းများအရ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် ဆိုဗီယက်ပြည်ထောင်စုသို့ ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် သွားရောက်လည်ပတ်ခဲ့သကဲ့သို့ ယင်းနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်ခေါင်းဆောင်က “ကရူးရှက်” နှင့် “ဘူလ်ဂါနင်” တို့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ အဆိုပါခရီးစဉ်များ၌ မြန်မာနိုင်ငံယဉ်ကျေးမှုနှင့် ပညာရေးပူးပေါင်းဖလှယ်မှုများအတွက် ဆောင်ရွက်ခဲ့ကြပါသည်။ ထင်ရှားသည့်ကဏ္ဍများအနေဖြင့် –

**(က) တက္ကသိုလ်ပညာရေးကဏ္ဍ**

တက္ကသိုလ်ပညာရေးကဏ္ဍတွင် အထင်ရှားဆုံးမှာ အင်ဂျင်နီယာအတတ်ပညာ ပိုမိုခေတ်မီလာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၁၉၅၆ ခုနှစ် ကုန်ပိုင်းလောက်တွင် အင်ဂျင်နီယာ မဟာဌာနမှူး ပါမောက္ခ ဦးဘလှိုခေါင်းဆောင်သည့် အဖွဲ့အား ဆိုဗီယက်သို့စေလွှတ်ခဲ့ရာ ၁၉၅၇ ခုနှစ် နှစ်ဦးပိုင်းတွင် “အင်ဂျင်နီယာပညာသင်ကြားရေး ခေတ်မီလာစေရန်နှင့် ပိုမိုကျယ်ပြန့်လာစေရေး” အတွက် ဆိုဗီယက်အစိုးရ၏ အကူအညီရရှိရေးကို စေ့စပ်ခဲ့ပါသည်။ ယင်းကမ်းလှမ်းချက်အရ “အထူးလက်ဆောင်စီမံကိန်းများ သဘောတူစာချုပ် ရုပ်လုံးဖော်ရေးဘုတ်အဖွဲ့” ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဤအထူးလက်ဆောင်စီမံကိန်းများတွင် အထင်ရှားဆုံးမှာ ကြို့ကုန်း၌ **“စက်မှုတက္ကသိုလ်”** အဆောက်အအုံကြီး ဆောက်လုပ်ရန်လည်း ပါဝင်ပေသည်။ သို့ဖြစ်၍ ရုရှားဗိသုကာချုပ် ပေဗယ်စတိန္နျုရှင်အပါအဝင် ရုရှားဗိသုကာသုံးဦးနှင့် ဦးဘလှိုတို့အဖွဲ့က ညှိနှိုင်းပုံစံထုတ်ခဲ့ကြသည်။ ပြီးလျှင် ကြို့ကုန်းရပ် ၁၆၇ ကေရှိမြေကွက်၌ ၁၉၅၈ ခုနှစ် ဧပြီ ၂၁ ရက်တွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က အုတ်မြစ်ချ၍ စတင်ဆောက်လုပ်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းကို ရုရှားအင်ဂျင်နီယာချုပ် ပေါလ်ရိုရီယန်ကင်နှင့် အခြားအင်ဂျင်နီယာ ခုနစ်ဦးတို့က ဦးစီးဆောင်ရွက်ခဲ့ကြသည်။ ဆောက်လုပ်စဉ်ကာလအတွင်း လျှပ်စစ်နှင့်သင်ကြားရေးအထောက်အကူပြုပစ္စည်း တပ်ဆင်ရေးအတွက် ရုရှားပညာရှင်ပေါင်း ၁၀၀ ခန့် လာရောက်ခဲ့ကြပါသည်။ မြန်မာပညာရှင်၊ ဗိသုကာ၊ အတတ်ပညာရှင်နှင့် လုပ်သား ၂၀၀၀ ကျော်တို့ ပါဝင်ခဲ့သည်။ ထိုအထဲတွင် တပ်မဟာမှူး ဗိုလ်တိုက်စိုးနှင့် ဗိုလ်မင်းလွင် (ဆောက်လုပ်ရေး) တို့ဦးစီးသည့်ပြန်လည်ထူထောင်ရေးတပ်မှ တပ်သားများလည်း ပါဝင်တည်ဆောက်ခဲ့သည်။

ဝမ်းသာဂုဏ်ယူစရာအချက်မှာ ထိုတက္ကသိုလ်ကြီး ဆောက်လုပ်သည့် လုပ်ငန်းများကို စစ်ဆေးကြည့်ရှုရန် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆိုဗီယက်ဝန်ကြီးချုပ် ကရူးရှက်ကိုယ်တိုင် ထပ်မံရောက်လာခဲ့ပြီး ထိုစဉ်က အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ကြိုဆိုခဲ့သည်။ နောက်တစ်နေ့ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆောက်လုပ်ဆဲ စက်မှုတက္ကသိုလ်ကြီးကို သွားရောက်ကြည့်ရှုခဲ့ပြီး တက္ကသိုလ်အဝင်အဝတွင် ချစ်ကြည်ရေး ကံ့ကော်ပင်ကို ရုရှားဝန်ကြီးချုပ်နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှမြင့်တို့က စိုက်ပျိုးခဲ့ကြသည်။ (ထိုစဉ်က စက်မှုတက္ကသိုလ်ဟူ၍ မဖြစ်သေးပါ။ ရန်ကုန်တက္ကသိုလ်၏ အင်ဂျင်နီယာ မဟာဌာနအဆင့်သာ ရှိပါသေးသည်)။

အဆိုပါ ကျောင်းတော်ကြီးကို ဗမာစက်မှုတက္ကသိုလ် (BIT– Burma Institute of Technology) ဟူသည့် အမည်ဖြင့် ၁၉၆၁ ခုနှစ် မတ် ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ရာ မြန်မာအစိုးရအဖွဲ့ဝင်များ၊ ဆိုဗီယက်ရုရှားပညာရေးဝန်ကြီး၊ ရုရှားပါရဂူများ၊ မြန်မာအင်ဂျင်နီယာများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ မြန်မာအင်ဂျင်နီယာကျောင်းသားများ တက်ရောက်ခဲ့ကြသည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (Yangon Institute of Technology) ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ အဆိုပါ စက်မှုတက္ကသိုလ်၏ နောက်ထပ်ထူးခြားချက်များမှာ ဤစက်မှုတက္ကသိုလ်ကြီးတွင် တပ်ဆင်သုံးစွဲခဲ့သည့် လျှပ်စစ်ပစ္စည်းများနှင့် ကိရိယာများသည် ဆိုဗီယက်ရုရှား၊ ဟန်ဂေရီနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးပေါ်ပစ္စည်းများ ဖြစ်ပေသည်။ ထို့ပြင် နံရံမြှုပ်ပေါ်လီဗီနိုင်းကလိုရိုက်ဖြင့် ဝိုင်ယာကြိုးကို ဖုံးထားသည့် နည်းပညာကို မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုတည်ဆောက်ထားသည့် အဆောက်အအုံ ဖြစ်ပေသည်။ စက်မှု တက္ကသိုလ်နှင့်အတူ စဝ်စံထွန်းဆေးရုံ၊ အင်းလျားလိတ်ဟိုတယ်နှင့် ကြက်မောက်တောင်ဆည်တို့ကိုလည်း ရုရှားက ကူညီတည်ဆောက်ပေးခဲ့ပါသည်။

**(ခ) ဘာသာစကားနှင့် ပညာတော်သင် အပြန်အလှန် ဖလှယ်ခြင်း**

နိုင်ငံတော်အစိုးရက ၁၉၆၄ ခုနှစ်တွင် နိုင်ငံခြားဘာသာသင်ကျောင်းအား ပန်းဆိုးတန်းလမ်းရှိ Chartered Bank တွင် စတင်ဖွင့်လှစ်ခဲ့သည်။ စတင်သင်ကြားသည့် နိုင်ငံခြားဘာသာများထဲတွင်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ရုရှားဘာသာစကားလည်း ပါဝင်ပါသည်။ ရုရှားဆရာများဖြင့် စတင်သင်ကြားပေးခဲ့သည်ဟု ဆိုပါသည်။ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များအရ မြန်မာစာပေကိုလည်း ဆိုဗီယက်ပြည်ထောင်စုမော်စကိုမြို့ရှိ နိုင်ငံတကာဆက်သွယ်ရေးတက္ကသိုလ်သို့ မြန်မာစာဌာနမှ ဆရာများစေလွှတ်၍ သင်ကြားစေခဲ့သည်။


ပထမဆုံးဆရာမှာ ဆရာဦးမောင်မောင်ညွန့် (မင်းလှညွန့်ကြူး၊ တက္ကသိုလ်ဘာသာပြန်ဌာန)၊ ဒုတိယမြောက်မှာ ဆရာကြီးဦးကျော်ရင် (နောင်မန္တလေး တက္ကသိုလ် ပါမောက္ခချုပ်) နှင့် တတိယမြောက်အဖြစ် ဦးကျော်မြင့် (မြန်စာဂုဏ် ကျော်မြင့်) တို့ဖြစ်ကြပါသည်။ ထို့အတူ နှစ်နိုင်ငံကျောင်းသားများလည်း အပြန်အလှန် စေလွှတ်ဖလှယ်ခဲ့ကြသည်။ မြန်မာကျောင်းသားများထဲမှ ပညာရေးလောကတွင် ယနေ့တိုင် ထင်ရှားသူများမှာ ဒေါက်တာမတင်ဝင်း {ပါမောက္ခ (ငြိမ်း) နှင့် အမျိုးသားစာပေတစ်သက်တာဆု ၂၀၂၀ }၊ ဒေါက်တာမောင်သင်း (ပါမောက္ခချုပ် (ငြိမ်း) ဒဂုံတက္ကသိုလ်)၊ ဒေါက်တာသိန်းလွင် (ပညာရေးစိတ်ပညာ ပါမောက္ခ(ငြိမ်း) ပညာရေးတက္ကသိုလ်)၊ ဒေါက်တာရဲအောင် {ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပညာရေးသုတေသန}၊ ဒေါက်တာမင်းလှအောင်ကြီး {ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပညာရေးသုတေသန} နှင့် ဒေါက်တာခင်ဇော် {ဒုတိယပါမောက္ခချုပ်(ငြိမ်း) ပညာရေးတက္ကသိုလ်} နှင့် ဒေါက်တာ ကျော်ညွန့် {သင်္ချာပါမောက္ခ(ငြိမ်း) မန္တလေးတက္ကသိုလ်} စသည်တို့ဖြစ်ကြောင်း လေ့လာ မှတ်သားမိပါသည်။

ထို့အတူ ရုရှားကျောင်းသားများလည်း မြန်မာစာပေနှင့် ယဉ်ကျေးမှုကို လာရောက်သင်ကြားခဲ့ကြပါသည်။ ကျွန်တော်တို့ငယ်စဉ်ကာလ၌ ၁၉၆၅ – ၁၉၇၀ ပြည့်နှစ် ဗဟိုသတင်းစဉ်ကို ရပ်ကွက်ကျေးရွာများတွင် ပိတ်ကားထောင်၍ ပြသစဉ်က ရုရှားကျောင်းသူ၏ မြန်မာသီချင်းကို ရုရှားသံဝဲဝဲဖြင့် သီဆိုနေပုံ သတင်းစဉ်ရုပ်ရှင်ကားကို မှတ်မိနေမိပါသည်။ မြန်မာစာလာရောက်သင်ယူနေသည့် ရုရှားကျောင်းသူဖြစ်ကြောင်း မှတ်မိနေမိပါသည်။ ဆရာကြီးမြန်စာဂုဏ်ဦးကျော်မြင့်၏ မှတ်တမ်းအရ (၁၉၆၆–၁၉၆၇) ခုနှစ်တွင် ရုရှား၌ ပညာသင်ကြားသူ တစ်ရာကျော်ရှိခဲ့ပေသည်။ ထိုအထဲမှ ၉၀ ခန့်သည် မော်စကိုမြို့ရှိ တက္ကသိုလ်ပေါင်းစုံတွင် သင်ကြားလျက်ရှိပြီး ၄၀ ခန့်မှာ အခြားမြို့များ၊ ပြည်နယ်များတွင် သင်ကြားနေကြပေသည်။

ထိုစဉ်က ထူးခြားချက်တစ်ခုမှာ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာနက သံရုံးများတွင် ပညာရေးသံမှူးများအား တွဲဖက်ထားပေးခြင်း ဖြစ်သည်။ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ထမ်းဆောင်ရန်ဖြစ်ပါသည်။ သူတို့သည် ပညာတော်သင်ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးကိစ္စအဝဝနှင့် ပညာတော်သင်ဆု၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို အဆိုပါပညာရေးသံမှူးနှင့် သူ၏ရုံးမှ ဆောင်ရွက်ပေးရသည်။ အခြားသံတမန် ဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်ရခြင်း မရှိပေ။

**(ဂ) မြန်မာ့ဘောလုံးရွှေခေတ်က ရုရှားနည်းပြဆရာ "ဇိုနင်"**

မြန်မာ့ဘောလုံးသမိုင်းတွင် ရွှေရောင်လွှမ်းသည့်ကာလတစ်ခုရှိခဲ့ပါသည်။ တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ ပူးတွဲချန်ပီယံ၊ အာရှလူငယ်ပူးတွဲချန်ပီယံ (၁၉၆၅) မာဒေးကား ဒုတိယ (၁၉၆၆)၊ အာရှအိုလံပစ်ပထမနှင့် မာဒေးကားပူးတွဲချန်ပီယံနှင့် ပတ်ချုံဟီး ဖလားဆုများ ရရှိခဲ့သည်။ ထိုကာလတွင် မြန်မာဘောလုံးနည်းပြဆရာများမှာ ဦးစိန်လှိုင်၊ ဦးစောပယ်ရီဒွေး၊ ဦးဟာရီနှင့် ဗိုလ်ကြီးဘကြူးတို့ဖြစ်ပြီး ယင်းတို့နှင့်အတူ ဆိုဗီယက်နည်းပြဆရာ "မစ္စတာဇိုနင်" က ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ် အထိ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ လာရောက်ကူညီပြီး ညွှန်နည်းပြဆရာအဖြစ် ထမ်းဆောင်ခဲ့သည်။





"ဘောလုံးနည်းပရိယာယ်" ဟူသည့် စာအုပ်ကို ဇိုနင်က ရေးသားခဲ့ရာ မြန်မာဘောလုံးဝါသနာအိုးများနှင့် မျိုးဆက်သစ်ဘောလုံးသမားများအတွက် မောင်တင်မြဆို သူက ၁၉၆၇ ခုနှစ်တွင် မြန်မာဘာသာဖြင့် ထုတ်ဝေပေးခဲ့သည်။ ဘောလုံးနည်းပြဆရာ ဇိုနင်သည် လီနင်ဂရက်မြို့ အားကစားနှင့် ကာယပညာသိပ္ပံမှ ဘွဲ့ရခဲ့သည်။ မဟာဝိဇ္ဇာနှင့် ဂုဏ်ထူးဆောင်နည်းပြဘွဲ့ ရရှိခဲ့သူတစ်ဦး ဖြစ်ပါသည်။ ပဥ္စမအကြိမ် ကျွန်းဆွယ်ပွဲအောင်နိုင်ရေးအတွက်လည်း ဘော်လီဘောနည်းပြဆရာ "ရိုလာယက်" က လာရောက်ကူညီပေးခဲ့သည်ဟု သိရသည်။

**(ဃ) ပညာရေးအတွေးအခေါ်အယူအဆများ**

ကွန်မြူနစ်စနစ်ဖြင့် နိုင်ငံကို ဖွံ့ဖြိုးအောင် ချီတက်နေသည့် ဆိုဗီယက်ယူနီယံ၏ ပညာရေးအယူအဆများသည် ဆိုရှယ်လစ်နိုင်ငံသစ်သို့ တည်ဆောက်နေသည့် မြန်မာနိုင်ငံ၏ ပညာရေးအပေါ်သို့ အလွန်ပင်ဩဇာလွှမ်းမိုးလျက် ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ယခုဆောင်းပါးအစတွင် ဖော်ညွှန်းခဲ့သည့်ဆောင်ပုဒ်သည် ဆိုဗီယက်နိုင်ငံသား ဆိုရှယ်လစ် ပညာရေးပုဂ္ဂိုလ်ကျော် "မာကာရင်ကို" (Makarenko) ၏ အယူအဆပင် ဖြစ်ပါသည်။ သူသည် ကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။ သူ၏ ဆိုဗီယက်ပညာရေးအယူအဆ၊ သဘောတရားများကို မြန်မာနိုင်ငံ ပညာရေးမဂ္ဂဇင်းများဖြစ်သည့် ပညာတန်ဆောင်၊ ပညာလောကစာစောင်တို့တွင် ၁၉၆၅ ခုနှစ်မှစတင်၍ ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ မော်စကိုမြို့နိုင်ငံတကာဆက်သွယ်ရေးတက္ကသိုလ်၌ မြန်မာစာညွှဲ့ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့သူ ဆရာကြီးဦးကျော်မြင့် (ဖိုးကျော်မြင့်၊ မြန်စာဂုဏ်ကျော်မြင့်) က "ဆိုရှယ်လစ်ပညာရေး အတွေ့အကြုံ" (၁၉၇၀) ဟူသည့်စာအုပ်ကိုလည်း ထုတ်ဝေခဲ့သည်။ ဆိုဗီယက်နိုင်ငံ၏ ထိုကာလတွင် ကျင့်သုံးလျက်ရှိသည့် ပညာရေးစနစ်အကြောင်း အသေးစိတ် ဖော်ညွှန်းထားပေသည်။ ထို့အတူ ဆရာကြီး ဦးသံဗျင်ကလည်း ဆိုဗီယက်ယူနီယံ ပညာရေးကို ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် ပညာတန်ဆောင်နှင့် ပညာလောကစာစောင်တို့တွင် ဆောင်းပါးများစွာ ရေးသားခဲ့ကြသည်။

မာကာရင်ကို၏ ကျောင်းဆရာများနှင့် ပတ်သက်သည့် အဆိုအမိန့်တစ်ခုမှာ "ကျောင်းဆရာတိုင်းတွင် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိကျမှန်ကန်သော နိုင်ငံရေးအမြင်ရှိရမည်။ ကိုယ့်နိုင်ငံ တည်ဆောက်ရေးအတွက် နိုင်ငံရေးအမြင်ကင်းမဲ့သူတစ်ယောက်သည် လူ့အဖွဲ့အစည်း၏ အနာဂတ်အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် သွန်သင်လမ်းပြလေ့ကျင့်ပေးသည့် ပညာရေးတာဝန်နှင့် ပတ်သက်ခြင်း မရှိစေအပ်" ဟူ၍ ဖြစ်သည်။ ကျောင်းဆရာဆိုသည်မှာ အမျိုးသားနိုင်ငံရေးအသိအမြင် ကြွယ်ပါမှ နိုင်ငံ၏အနာဂတ် တောက်ပမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ခြင်း ဖြစ်သည်။ အနာဂတ်လူ့အဖွဲ့အစည်း၏ ပဲ့ကိုင်ဆရာများအနေဖြင့် နိုင်ငံ၏ ရှေ့ရေးအတွက် အမျိုးသားနိုင်ငံရေးအမြင် ရှေ့ပြေး




နေရန် လိုအပ်ကြောင်း ထောက်ပြခဲ့ခြင်း ဖြစ်ပါသည်။

မာကာရင်ကို၏ ပညာရေးကို လက်တွေ့ဖော်ဆောင်ရာတွင်လည်း "ကျောင်းသင်ဘာသာရပ်များကို အလေးပေးပြီး စာမေးပွဲရမှတ်သို့ ဦးတည်သင်ကြားမှုထက် ကလေးသူငယ်များ၏ စိတ်ခံတော်နှင့် ဉာဏ်ရည်မြင့်မားမှုကို အလေးထားလေ့ကျင့်ပေးရမည်။ ထိုသို့ လေ့ကျင့်ပေးနိုင်ရန် သင်ပြနည်းများကို တီထွင်ကြံဆကြ၏။ ပြီးလျှင် လက်တွေ့အသုံးချခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ကလေးများ၏ ကာယ၊ ဉာဏ ဖွံ့ဖြိုးမှုအတွက် အားကစားမျိုးစုံတွင် ပါဝင်ကစားစေခြင်းအပါအဝင် အိမ်တွင်းမှု လုပ်ငန်းများ၊ ကျောင်းကောင်စီအဖွဲ့၊ စာကြည့်တိုက်အသင်း၊ ကြက်ခြေနီ၊ စာပေဟောပြောပွဲ၊ ရပ်ဝေးအခြေစိုက်လုပ်အားပေးစခန်း၊ လေကြောင်းလူငယ်သင်တန်း၊ ရေကြောင်း လူငယ်သင်တန်း၊ လေ့လာရေးခရီးမျိုးစုံ၊ ကျောင်းတွင်းသိပ္ပံပြပွဲပြိုင်ပွဲ စသည်တို့တွင် ပါဝင်လှုပ်ရှားစေခြင်းများကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဖော်ဆောင်ပေးခဲ့မှုများသည် ဆိုဗီယက်ပညာရေး ပညာရှင်မာကာရင်ကို၏ ပညာရေးအယူအဆများက မြန်မာ့ပညာရေးအပေါ် ထိုအချိန်က သက်ရောက်မှုရှိခဲ့ခြင်းဟု ဆိုရပေမည်။

**(င) စာပေကဏ္ဍ**

ကျွန်တော်တို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ ကြီးပြင်းလာကြသူများ ဖြစ်၍ ထိုအချိန်က ရုရှားစာပေ အယူအဆများ မိမိတို့အပေါ် လွှမ်းမိုးမှုလေးများကို တင်ပြပါရစေ။ ယနေ့ မင်္ဂလာဒုံရှိ တပ်မတော်အရိုးအထူးကုဆေးရုံကြီး ခုတင် (၅၀၀) နေရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က "ဗဟိုနိုင်ငံရေးသိပ္ပံ" ဟူသည့် ကျောင်းကြီးဖွင့်လှစ်ခဲ့ပါသည်။

ထိုကျောင်း၏ စာအုပ်ဆိုင်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသည့် ရုရှားဂန္ထဝင်စာပေများ ရောင်းချသည်ကို တွေ့ရပေသည်။ ဥပမာ – Maxim Gorky ၏ My Childhood, My University, My Apprenticeship (ဆရာကြီး မြသန်းတင့်က အဆိုပါဝတ္ထုသုံးပုဒ်ကို ပေါင်း၍ "ဘဝတက္ကသိုလ်" ဟု ဘာသာပြန်ထားပါသည်။) နှင့် Mother တို့ ဖြစ်ပါသည်။ ထို့ပြင် Aton Chekov ၏ Short Stories စသည်တို့လည်း ပါဝင်ပါသည်။ လီနင်လက်ရွေးစင်စာများကိုလည်း တွေ့နိုင်ပေသည်။ ထို့အတူ ကျွန်တော်တို့ငယ်ငယ်က နဝမတန်းတွင် လီယိုတော်စတွိုင်း (Leo Tolstoy) ၏ Empty Drum ဝတ္ထုတိုကို ပြဋ္ဌာန်းစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းစာအုပ်ပါ "God Knows the true, but wait" "ဘုရားသခင်က အမှန်တရားကိုသိပါသည်၊ ဒါပေမဲ့ ကြာတတ်သည်" ဟူသော "စစ်နှင့်ငြိမ်းချမ်းရေး" ဝတ္ထုစာအုပ်ဖြင့် ကမ္ဘာကျော်ခဲ့သူ လီယိုတော်စတွိုင်း၏ စကားကို ကျွန်တော်တို့ မြန်မာအထက်တန်းကျောင်းသားများ၏ ပါးစပ်ဖျားတွင် ရေပန်းစားခဲ့ပါသည်။

ထို့အတူ ဘောရစ်ပတ်စတာနတ် (Boris Pasternak) ၏ ဒေါက်တာ ဇီဗားဂိုးဝတ္ထုနှင့် ရုပ်ရှင်ကားသည် မြန်မာစာဖတ်ပရိသတ်နှင့် ရုပ်ရှင်ချစ်သူတို့ကြား စွဲစွဲမက်မက်ကျန်နေဆဲပါ။ စာရေးသူရောက်ခဲ့သည့် ရုရှားနိုင်ငံအရှေ့ဖျားက Sakhalin ကျွန်းတွင် "ချက်ကော့" ပြတိုက်ဖြင့် ဂုဏ်ပြုခံထားရသည့် ဆရာဝန်စာရေးဆရာ Aton Chekov ၏ ဖေမြင့် မြန်မာပြန်သည့် "လူနာဆောင် အမှတ် ၆" (Word 6) နှင့် ဆရာကြီးကျော်အောင် ပြန်ဆိုသည့် "ချက်ကော့ရဲ့ဝတ္ထုတိုများ" သည်လည်း ယနေ့ တိုင်ပြန်လည်ထုတ်ဝေရလောက်အောင်ပင် မြန်မာစာဖတ်ပရိသတ်အပေါ် လွှမ်းမိုးလျက် ရှိနေဆဲဖြစ်ပါသည်။ တော်စတွိုင်း၏ "စစ်နှင့်ငြိမ်းချမ်းရေး" ဝတ္ထုရှည်ကြီးကို မြန်မာဘာသာပြန် စာရေးဆရာများက ပြန်ဆိုခဲ့ရာ ဆရာကြီးမြသန်းတင့်၏ ပြန်ဆိုမှုမှာ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေနေရဆဲ ဖြစ်ပါသည်။

ယနေ့ခေတ်တွင်လည်း "ရုရှား – မြန်မာချစ်ကြည်ရေးအသင်း" ဖွဲ့စည်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်ကတည်းက စတင်ကြိုးပမ်းလာခဲ့ရာ ၂၀၂၀ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပညာရေးအနေဖြင့်လည်း လောလောလတ်လတ် ၂၆–၁၁–၂၀၂၂ ရက်နေ့တွင် "Academic Seminar on Russia – Myanmar Expanding Opportunity for Education and Science" ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြောင်းသတင်းကို ဖတ်မိရ၍ ယနေ့အထိတိုင်အောင် ပညာရေးပူးပေါင်းဆောင်ရွက်မှုများ ရှိနေဆဲဖြစ်ကြောင်းသိရသဖြင့် ဝမ်းသာမိပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် စာရေးသူအဆင့်မြင့်ပညာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ယူစဉ်ကာလ (၂၀၀၇ ခုနှစ်) ကလည်း ရုရှားနိုင်ငံသို့ ပညာတော်သင် ၁၀၀ ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်၍ စေလွှတ်ပေးခဲ့ပါသည်။ ရုရှားပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ၁၉၉၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မြန်မာကျောင်းသားပေါင်း ၄၇၀၀ ကျော် ရုရှားတွင် ပညာသင်ကြားခဲ့ပါသည်။ ယခုဆိုလျှင် အဆိုပါအရေအတွက်ထက် လွန်စွာများနေပြီ ဖြစ်ပါသည်။ ယနေ့အချိန်တွင် ပညာရေး၊ ယဉ်ကျေးမှုများတွင် သာမက သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိုပါ အလေးထားဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရသည်။

အချုပ်အားဖြင့် ရုရှား–မြန်မာ သံတမန်ဆက်ဆံရေးအတွက် ကနဦးအနေဖြင့် ရုရှား ဇာဘုရင်ခေတ်၊ မြန်မာတို့၏ ကုန်းဘောင်ခေတ်တွင် မြန်မာ–ပြင်သစ်– ရုရှား သိပ္ပံပညာရှင်များက ကြိုးပမ်းခဲ့ကြပါသည်။ မအောင်မြင်ခဲ့သော်လည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို သိပ္ပံပညာရှင်များ မြတ်နိုး၍ ကိုယ်တိုင်ပါဝင်ခဲ့မှုကြောင့် "ရုရှား–မြန်မာ ချစ်ကြည်ရေးကြိုးပမ်းမှုအစ မြန်မာ–ပြင်သစ်–ရုရှားသိပ္ပံပညာရှင်များက" ဟူ၍ သမိုင်းသက်သေထူနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီး ခေတ်မှ ယနေ့အထိ နှစ်နိုင်ငံပညာရေး၊ စာပေ၊ အနုပညာ၊ အားကစားစသည့်ကဏ္ဍအစုံတွင် ပူးပေါင်းဖလှယ်မှုလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဆိုလျှင် စိန်ရတုပင်တိုင်ခဲ့ချေပြီ။ စိန်စီသော နှစ်နိုင်ငံချစ်ကြည်ရေးလမ်းပေါ်မှ မိတ်ဆွေကောင်း နှစ်နိုင်ငံ၏ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးယာဉ်ရထားအစုံစုံသည် အခြားကဏ္ဍစုံ ချစ်ကြည်ရေးယာဉ်များနှင့်အတူ ချောမွေ့အန္တရာယ်ကင်းစွာ ခရီးဆက်လက်မောင်းနှင်နေကြပေဦးမည်ဟု ယုံကြည်မိပါကြောင်း ရုရှား–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး စိန်ရတုခရီးကို ဂုဏ်ပြုရေးသား လိုက်ရပါသည်။ ။


**ကျမ်းကိုး**

(၁) ဒေါက်တာမျိုးသန့်တင် (၁၉၈၄) ကုန်းဘောင်ခေတ်မြန်မာ့သိပ္ပံပညာရှင်များ

(၂) မြန်စာဂုဏ်ကျော်မြင့် (၁၉၇၀) ဆိုရှယ်လစ်ပညာရေးအတွေ့အကြုံ

(၃) ဦးသံဗျင် – ဦးအေးစိုး (၁၉၇၈) စာရိတ္တ၊ စည်းကမ်းနှင့် ပညာရေး

(၄) မလှကျော့ (၁၉၇၁) ဇာဘုရင်ခေတ်ရုရှား – မြန်မာ ဆက်ဆံရေးအကျဉ်းချုပ်– ၁၉ ရာစု

(၅) ဦးအောင်လှထွန်းနှင့် အဖွဲ့ (၂၀၁၂) မြန်မာနိုင်ငံ အင်ဂျင်နီယာ ပညာရေးသမိုင်း

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/ ၂၀၂၃) အစည်းအဝေးသို့ တက်ရောက်

**မကွေး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်က မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၁၁ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း လုပ်ငန်းပေါင်း ၁၆ ခုကို ကွင်းဆင်း၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၉၉၄ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၅၀၀ ကို ခွင့်ပြုမိန့်ထုတ်ပေးနိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တစ်ခု၊ ကျပ်သန်းပေါင်း ၁၈၀၄ ဒသမ ၄၄ တို့ကို အတည်ပြုမိန့်ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ MSME လုပ်ငန်းများကို ကာလတိုအတွင်း အောင်မြင်မှု၊ တိုးတက်မှုများ ရရှိလာစေရန် အကူအညီအထောက်အပံ့ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအားလုံးကလည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက်၊ မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက် စသည်များနှင့်အညီ အချိတ်အဆက်မိမိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် စွမ်းအားပြည့်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့်လုပ်ငန်းများအပေါ် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၊ မကွေးမြို့နယ်စုပေါင်းရုံး (ဒုတိယထပ်)၊ ပြည်တော်သာ ၁ လမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၀၂၈၇၄၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်ညီညာ**

## ဧရာဝတီတိုင်းဒေသကြီး စားရေရိက္ခာဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၇

**စားရေရိက္ခာဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့်တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးစပါး၊နွေစပါး စိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရိုးပြတ်ကျန်ဧကများတွင် နွေစပါးအပါအဝင် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိပါကြောင်း၊ မြေဆီ၊ မြေသြဇာများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ၂၀၂၃ ခုနှစ်တွင် ရေတော်မိုးတော် မိုးစပါးစိုက်ဧက တစ်သိန်းအား သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) များ ထည့်သွင်းစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဆီဖူလုံစေရေးအတွက် လည်း ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများအား တိုးချဲ့စိုက်ပျိုးလျက် ရှိပါကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ၊ မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို စိုက်ပျိုးချိန်အမီ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြစ်ရေတင်လုပ်ငန်းများ၊ဆည်ရေသောက်လုပ်ငန်းများဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သား/ငါး ကဏ္ဍတွင် အင်းလုပ်ငန်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ မွေးမြူရေးကန်များဖြင့် ငါး၊ ပုစွန်၊ ကဏန်း စနစ်တကျမွေးမြူခြင်း၊ အသားတိုးကြက်၊ ဝက်၊ နွား၊ ဆိတ်မွေးမြူခြင်း၊ ဥစား(ကြက်/ဘဲ) မွေးမြူခြင်း စသည့်လုပ်ငန်းများဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စားရေရိက္ခာဖူလုံရေး အပြန်အလှန်ဆွေးနွေးပေးကြရန်နှင့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် ပြောကြားသည်။




ထို့နောက် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိန်မောင်မြင့်က လည်းကောင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက လည်းကောင်း၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဒေသကြီး ဦးစီးမှူးများက လည်းကောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက လည်းကောင်း ဆွေးနွေးတင်ပြကြပြီး Global Earth ကုမ္ပဏီ၊ Htoo Htet Han ကုမ္ပဏီ၊ Delta Queen ကုမ္ပဏီတို့က မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် စားရေရိက္ခာဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲစကားဝိုင်းကို ဆက်လက်ကျင်းပရာ Stake-holder များ၏ ဆွေးနွေးချက်များအပေါ် အစုအဖွဲ့လိုက် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၇**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီက ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးနှင့် ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေး ယန္တရား တည်ဆောက်ရေးတို့ကို စံတန်ဖိုး (၅)ရပ်ဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုစသည့် အခြေခံအချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ထုတ်ပြန်ထားရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ မှန်ကန်သည့် ခံယူချက်များ ဝန်ထမ်းတိုင်းတွင်ရှိနေရန်နှင့် လုပ်ငန်းခွင်မှာသာမက မိမိတို့ ပတ်ဝန်းကျင်မှ ရရှိလာမည့် အတွေ့အကြုံဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ကြောင်း ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သော အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၂)သို့ သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၁၆ ဦး စုစုပေါင်း ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၆ ရက်မှ မတ် ၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် မိုင်းတုံမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းခတ်၊ မိုင်းထ၊ ပုံပါကျင်မြို့တို့မှ ဦးစီးမှူးများ၊ မိုင်းဆတ်ထပ်ဆင့်လွှင့် စက်ရုံမှူးတို့နှင့် တွေ့ဆုံသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းယောင်း၊ မိုင်းယု၊ ကျိုင်းလတ်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးနှင့် တာချီလိတ်ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးတို့ကို တွေ့ဆုံပြီး တာချီလိတ် ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ယင်းနောက် တာလေမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံ၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံနှင့် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတို့ကို ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာကို ကြိုးစားသင်ယူရေး၊ အတတ်ပညာသာမက အသိပညာ ဗဟုသုတကြွယ်ဝပြီး ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သော အားကစားဆိုင်ရာ ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် တွဲဖက်ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊မိုင်းဆတ်နှင့်မိုင်းယန်း မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ကျိုင်းတုံဇုန်နယ်မှူးနှင့် မိုင်းယောင်း၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းယု ထပ်ဆင့်လွှင့် စက်ရုံ တာဝန်ခံများ၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ) တာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံ့ဝန်ထမ်းပီသစွာ သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်ရေး၊ နွေရာသီကျောင်းပိတ်ရက် ကာလများတွင် ကျောင်းသား ကျောင်းသူ လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အသိပညာဗဟုသုတ မျှဝေပေးနိုင်ရေး၊ ဝေးလံသော ဒေသများဖြစ်၍ ဌာနဆိုင်ရာ အကြီးအကဲနှင့် တာဝန်ရှိသူများ မလာရောက်နိုင်သော်လည်း မိမိတို့ ကိုယ်တိုင်က တာဝန်သိစိတ်၊ စေတနာတို့ဖြင့် ဆောင်ရွက်ရန် ရှိသည်များကို အလိုက်တသိ ဆောင်ရွက်ကြရေး၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ထုတ်လွှင့်မှုကို လျှပ်စစ်ဓာတ်အား ရရှိမှုအပေါ် မူတည်၍ အပြည့်အဝထုတ်လွှင့်ပေးနိုင်ရေး၊ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် သတိပြုကာကွယ်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ဘားအံမြို့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် ဇန်နဝါရီ ၁၇**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့သည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ဒေသခံပြည်သူများ စုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံ အပေါ် တစ်ဖက်သတ် ဆုံးဖြတ်ချက်များအား ဆန့်ကျင်ရှုတ်ချပါသည်၊ အမေရိကန် ကမ္ဘာ့ချိုးထုပ်ဝင်မရှုပ်နဲ့၊ ပြည်တွင်းရေးရာဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသော ပြည်ပနိုင်ငံများအား (အလိုမရှိ)၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအား (အလိုမရှိ)၊ အကြမ်းဖက် NUG၊ PDF (အလိုမရှိ)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်များအား (ဆန့်ကျင်ကြ)၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းရေး (ဒို့အရေး)၊ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက် သတ်ဖြတ်နေသည်များအား (ချက်ချင်းရပ်)၊ ကုလသမဂ္ဂသည် နိုင်ငံတကာ အစိုးရ မဟုတ်ပါ၊ မြန်မာ့အရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်မှုမဟုတ်ပါ၊ UNSC ၏မြန်မာနိုင်ငံ ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်ပါသည်၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသည့်အကြံ ဒို့လက်မခံ စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဇွဲကပင်အားကစားကွင်းမှ မဲဘောင်မီးပွိုင့်လမ်းဆုံ၊ နာရီစင်၊ BOC ကွေ့၊ ကမ်းနားလမ်း၊ ကူးဆိပ်လမ်း၊ မဲဘောင်ဘုန်းကြီးကျောင်းလမ်းမှ နာရီစင်အထိ လူအင်အား ၁၈၀၀ ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၁၅၇၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ၁၄၁၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၃၂၇ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ/ရသ စာအုပ်စာစောင်များ ပေးအပ်သည်။

ယင်းနောက် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များကို နယ်မြေခံဆေးတပ်ဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန် အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm နှင့် Myanco-pharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ဆေး ၆၄၄၁ လုံး၊ Myancopharm ဆေး ၆၁၉၀ နှင့် ဆေးထိုးအပ်များ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ဆေး ၁၄၀၉ လုံး၊ Myancopharm ဆေး ၅၉၆ လုံးနှင့် ဆေးထိုးအပ်များကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။



အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာ နေရာများသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ ဝက်မွေးမြူရေး ရက်တိုသင်တန်းဖွင့်

**ဘုတ်ပြင်း ဇန်နဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်မွေးမြူရေးရက်တိုသင်တန်းကို ဇန်နဝါရီ ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာ ဝင်းဗိုလ်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်ထွန်းက မွေးမြူရေးဘဏ်စနစ်ဖြင့် ဝက်ကောင်ရေအကောင် ၁၀၀ ဖြန့်ဖြူးရေးစီမံချက်နှင့် ပတ်သက်သည်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ရပ်ကွက်ကျေးရွာများမှ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကာ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဘုတ်ပြင်းမြို့နယ်အတွင်း ဝက်ကောင်ရေ အကောင် ၁၀၀ ကို မွေးမြူရေးဘဏ်စနစ်ဖြင့် ဖြန့်ဖြူးမည့်အစီအစဉ်တွင် မွေးမြူရေးသမားများ အထောက်အပံ့ဖြစ်စေရန်၊ ဒေသအတွင်း အသားကဏ္ဍဖူလုံကာ ကျေးလက်နေမိသားစုများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေတိုးတက်လာစေရန်၊ မျိုးကောင်းမျိုးသန့် ဝက်မွေးမြူရေး စဉ်ဆက်မပြတ်မွေးမြူတတ်စေရန် ရည်ရွယ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကွတ်ခိုင်မြို့နယ်၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကွတ်ခိုင် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ယခုဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် နားငူကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားငူ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၂၀၅ သန်းဖြင့် ရေပိုက်များ နှစ်မိုင်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်လုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကျော်စိုး**

# သံတောင်ကြီးမြို့နယ်အတွင်းရှိ လိပ်သိုလမ်းပိုင်းကို ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**လိပ်သို ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ လမ်းဦးစီးဌာနသည် တောင်ငူ-လိပ်သို-လွိုင်ကော်-ဟိုပုန်း ပြည်ထောင်စုလမ်းကို သဘာဝဘေးဒဏ်ကြောင့် လမ်းပျက်စီးမှု နည်းပါးစေရန်၊ ရေရှည်တည်တံ့ အသုံးပြုနိုင်ရန် လမ်းကြံ့ခိုင်ရေးလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်ထောင်စုလမ်း ကရင်ပြည်နယ် လိပ်သိုအပိုင်းရှိ လမ်းပိုင်းများတွင် သံဘေလီတံတားများအစား သံကူကွန်ကရစ် တံတားသစ်များ တည်ဆောက်ခင်းကျင်းပေးခြင်း၊ ယခင်လမ်းဖြတ်ကူး ရေလွှဲမြောင်းပွန်ငယ်များ၏ နေရာများတွင် တံတားငယ်များဖြင့် အစားထိုး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လိပ်သို မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ဖြတ်သန်းသွားသော လမ်းပိုင်းရှိ မိုင်တိုင် အမှတ် ၃၁/၄ မှ (၃၁/၆) အကြားရှိ ရေထုတ်ပြွန်နှစ်ခု တည်ဆောက်ပေးခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ ပြည်သူများ သွားလာ အသုံးပြုလျက်ရှိရာ ယခင်ကထက် ပိုမိုအဆင်ပြေလျက်ရှိကာ မိုးတွင်းကာလ မိုးရေတိုက်စားပြီး ရေမြောင်းပိတ်ဆို့မှုများ ကင်းဝေးသွားပြီဖြစ်ကြောင်း သိရသည်။

**ခင်လေးနွယ် (လိပ်သို)**

# မြန်မာပြည်မြောက်ဖျား ရေခဲတောင်များပေါ်တွင် နှင်းကျားသစ် ကျက်စားမှု ရှိ/မရှိ သုတေသနခရီးစဉ်ကို ဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကမ္ဘာပေါ်ရှိ ဆီးနှင်းဖုံးလွှမ်းသော ဗဟိုအာရှနိုင်ငံ ၁၂ နိုင်ငံတွင် ကောင်ရေ ၃၀၀၀ မှ ၆၀၀၀ ကျော်သာ ကျန်ရှိသော နှင်းကျားသစ်(Snow Leopard)များ မြန်မာပြည်မြောက်ဖျားရှိ ခါကာဘိုရာဇီ အမျိုးသား ဥယျာဉ်ဧရိယာအတွင်း တည်ရှိကျက်စားမှု ရှိ/မရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန်အခြေစိုက် Panthera Corporation မှ ပညာရှင်များပူးပေါင်း၍ သုတေသနပြုနိုင်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature and Natural Resources –IUCN)က နှင်းကျားသစ်ကို မျိုးတုံးရန်အန္တရာယ် ကျရောက်နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထား ပြီး ကမ္ဘာလုံးဆိုင်ရာထိန်းသိမ်းမှုကို ဆောင်ရွက်လျက် ရှိရာ မြန်မာနိုင်ငံအနေဖြင့် မျိုးစိတ်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်အပါအဝင် တောရိုင်းတိရစ္ဆာန် များ၊ ငှက်များ၊ သစ်ပင်ပန်းမန်များနှင့် ရေနေသတ္တဝါ များကို နိုင်ငံတကာစံနှုန်းနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ ထိုသို့ နိုင်ငံအတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် ဘေးမဲ့တောတို့တွင် ရှင်သန်လျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရုက္ခနှင့်ဇီဝ များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မြန်မာ ပြည် မြောက်ဖျားရှိ ရေခဲဖုံးလွှမ်းနေသော ခါကာ ဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးတုံး ရန် အန္တရာယ်ရှိနေသည့် နှင်းကျားသစ် လှည့်လည် ကျက်စားနေထိုင်မှု ရှိ/မရှိကို ကင်မရာထောင်ချောက် မှတ်တမ်းများဖြင့် သုတေသနပြု ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ရှိ ရေခဲတောင်များတွင် နေထိုင်ကျက်စားသည့် နှင်းကျားသစ်။

"နှင်းကျားသစ်ကို အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံ က ရေခဲတောင်တွေမှာ ကျက်စားနေတယ်ဆိုတာ မှတ်တမ်းရှိထားတာကြောင့် မြန်မာနိုင်ငံရဲ့ ရေခဲ တောင်တည်ရှိတဲ့ ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်မှာ နှင်းကျားသစ်ကျက်စားမှုရှိ/ မရှိကို အမေရိကန်နိုင်ငံ မှာ အခြေပြုတဲ့သုတေသနအဖွဲ့နဲ့ ၂၀၁၇ ခုနှစ် မေလ ကနေ ဇွန်လအထိ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေခဲတောင်ပေါ်မှာ ကင်မရာထောက်ချောက် မှတ်တမ်းတွေ တပ်ဆင်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ အဖြေ တွေ့ရှိခဲ့တယ်။ နှင်းကျားသစ်မတွေ့ဘဲ အခြား အသားစား ရေခဲတောင်တိရစ္ဆာန်တွေကိုပဲ တွေ့ရှိ ခဲ့တာကြောင့် မြန်မာနိုင်ငံမှာ နှင်းကျားသစ်ကို တွေ့ရှိ ခဲ့မယ်ဆိုရင် နိုင်ငံတကာက စိတ်ဝင်စားတဲ့ တောရိုင်း တိရစ္ဆာန် ဖြစ်တဲ့အတွက် မှတ်တမ်းဓာတ်ပုံပြသနိုင် ခဲ့ရင် အာဆီယံနဲ့ ကမ္ဘာမှာ ဂုဏ်ယူစရာ ဖြစ်စေမှာပါ။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကိုလည်း နိုင်ငံ တကာအဖွဲ့အစည်းတွေ လာရောက်မှတ်တမ်းပြုကြ တဲ့အတွက် ဌာနရဲ့ လုပ်ငန်းဖော်ဆောင်မှုကို ပိုပြီး အရှိန်မြင့်တင်စေတဲ့အပြင် နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင် ရွက်မှုကနေ နည်းပညာရရှိတဲ့အတွက် ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမှာပါ။ ပြီးတော့ သဘာဝကိုချစ်မြတ်နိုးတဲ့စိတ် လူတိုင်းမှာ ထားရှိဖို့ လိုပါတယ်။ သဘာဝကြီးပျက်စီးသွားရင် ကမ္ဘာကြီးလည်းပျက်စီးနိုင်ပြီး သဘာဝကို အမှီပြု နေထိုင်တဲ့ တိရစ္ဆာန်နဲ့အပင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်တာဟာ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေ ကို ထိန်းသိမ်းကာကွယ်ခြင်းပါပဲ"ဟု ဘူတာအိုမြို့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းက ပြောသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန် ပြည်ထောင်စုအခြေစိုက် Panthera Corporation မှ ပညာရှင်သုံးဦးတို့ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သဘာဝသိပ္ပံဆိုင်ရာ သုတေသနပြု လေ့လာမှတ်တမ်းတင်နိုင်ခြင်း မရှိသေးသော အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံ သုံးနိုင်ငံထိစပ်နေသည့် မြန်မာ နိုင်ငံအတွင်းရှိ နယ်ခြားကျောက်တိုင် အမှတ် ၄၆ အနီး အမြင့်ပေ ၁၄၈၀၀ ရေခဲတောင်တည်ရှိရာ ဧရိယာ၌ ကင်မရာကိုးလုံးကို တပ်ဆင်ခဲ့ပြီး အမြင့်ပေ ၁၇၀၀၀ အထိ မြင့်သော ဂန်လန်ရာဇီရေခဲတောင် ဧရိယာတွင် အမြင့်ပေ ၁၁၆၄၈ နှင့် အမြင့်ပေ ၁၁၇၀၅ တို့တွင် ကင်မရာထောင်ချောက် ၇၁ လုံးကို တပ်ဆင် ခဲ့သည်။

ရေခဲတောင်များတွင်သာ နေထိုင်ကျက်စားလေ့ ရှိသော နှင်းကျားသစ် (Snow Leopard) များကို အမဲလိုက်ခြင်း၊ အသားစားသတ္တဝါ(Prey Specise) များအား အလွန်အကျွံဖမ်းဆီးခြင်း၊ ကျက်စားရာ နယ်မြေများကျဉ်းမြောင်းလာခြင်း၊ လူနှင့်တောရိုင်း တိရစ္ဆာန် ပဋိပက္ခဖြစ်ခြင်းတို့ကြောင့် သတ်ဖြတ်ခံရ ခြင်း၊ အမဲလိုက်ခံရခြင်းနှင့် ရာသီဥတုပြောင်းလဲ လာခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှင်းကျားသစ် ကောင်ရေ ကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ကာဇက်စတန်၊ ရုရှား၊ တာကစ္စတန်နှင့် ဥဇဘက် ကစ္စတန်နိုင်ငံတို့တွင် မျိုးတုံးရန်အန္တရာယ် ကျရောက် နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် နှင်းကျားသစ်များ ကျက်စားလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – Snow Leopard Gp**

# ပုသိမ်ကြီး၊ ကျိုက်မရောနှင့် တန့်ယန်းမြို့နယ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီ က ပုသိမ် ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာရှိ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ခရီးသည်တင် မော်တော်ယာဉ် အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မနန်းမွမ်း စိန်နှင့် မနန်းမွမ်းစံလူတို့ နှစ်ဦး ၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၈၀ သိမ်းဆည်းရမိခဲ့သဖြင့် မနန်းမွမ်း စိန်(၂၇ နှစ်) နှင့် မနန်းမွမ်းစံလူ တို့အား ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီခွဲခန့်တွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် ကျိုက် မရောမြို့နယ် ဘိန်းဖျောကျေးရွာ အုပ်စု ဘိန်းဖျောကျေးရွာအနီးတွင် စိုးအောင် မောင်းနှင်ပြီး သန်းဇော် မြင့်နှင့် တင့်လွင်ဦး (ခ) ကတုံး တို့ လိုက်ပါလာသည့် ဆိုင်ကယ် အား ရပ်တန့်စစ်ဆေး ရှာဖွေရာ တင့်လွင်ဦး(ခ)ကတုံး လွယ်ထား သည့် လွယ်အိတ်နှင့် ဆိုင်ကယ် တူးဘောက်အတွင်းတို့မှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၂၆၀၀ သိမ်းဆည်း ရမိခဲ့သဖြင့် စိုးအောင်(၄၅ နှစ်)၊ သန်းဇော်မြင့် (၄၇ နှစ်) နှင့် တင့်လွင်ဦး(ခ)ကတုံး (၄၇ နှစ်) တို့အား ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

ထို့အပြင် ဇန်နဝါရီ ၁၆ ရက် ဝဝ:၃ဝ နာရီခန့်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် တန့်ယန်းမြို့ အမှတ် (၇)ရပ်ကွက်ရှိ တန့်ယန်း–လားရှိုး သွားကားလမ်းတွင် စိုင်းကျော်လှ မောင်းနှင်ပြီး မနန်းခမ်းစိန်နှင့် စိုင်းကျင်တို့ လိုက်ပါလာသည့် Ford Ranger အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ယာဉ်မောင်းရှေ့ ခြေနင်းပြားအောက်မှ စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် ကက် တမင်း ၂ ကီလိုနှင့် Happy Water သုည ဒသမ ဝ၂၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ဝ၁:ဝဝ နာရီ တွင် အဆိုပါနေရာ၌ စိတ်ပြောင်း ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် စိုင်းရွှေနှင့် စိုင်းရွှေကြာတို့ကို Navara Double Cab အမျိုးအစား မော် တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ သဖြင့် စိုင်းကျော်လှ (၃၂ နှစ်)၊ မနန်းခမ်းစိန်(၂၂ နှစ်)၊ စိုင်းကျင် (၂၅ နှစ်)၊ စိုင်းရွှေ(၂၇ နှစ်)နှင့် စိုင်းရွှေကြာ (၂၈ နှစ်)တို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မနန်းခမ်းစိန်၊ စိုင်းကျော်လှ၊ စိုင်းကျင်၊ စိုင်းရွှေကြာနှင့် စိုင်းရွှေတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်း ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များ နှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများ အား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်း ကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ သဖြင့် ကလေးငယ်သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ၆ နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ဝ၉–၈၉၉ဝ၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပဍ္ဍထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခဲ့သည့် ရှေးဟောင်းပြတိုက်အသစ်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

ပြည် ဇန်နဝါရီ ၁၇

**ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ရွှေဆံတော်ဗုဒ္ဓပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက အဆိုပါပြတိုက်ရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စေတီတော် ဂေါပက အဖွဲ့များနှင့် စေတနာရှင်ပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေဆံတော်ဗုဒ္ဓပြတိုက်ရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်၍ ရွှေဆံတော်ဗုဒ္ဓ ပြတိုက်အသစ်အား ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြပြီး ပြတိုက်အတွင်း ခေတ်ကာလ၊ အမျိုးအစားအလိုက် ခွဲခြားပြသထားသည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ပေစာများနှင့် အခြား သာသနိကပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြတိုက်အတွင်း လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ သမိုင်း၊ တင်လှူပူဇော်ထားသည့် ထီးတော်အချက်အလက်များ၊ အခြားသတင်းအချက်အလက်များနှင့် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများအား ကြည့်ရှုနိုင်သည့် Software Program အသုံးပြု၍ Shwe San Taw Digital Information Center တည်ဆောက်ပြသထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း/ပြည်ပ ခရီးသွားများ လည်ပတ်သွားလာသည့် ဘုရား၊ စေတီပုထိုးများ၊ သာသနိကအဆောက်အဦများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် တပ်ဆင်နိုင်ရေးနှင့် အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် ထည့်သွင်းနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လှူဒါန်းမှုအစုစုအတွက် သာဓု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းကြပြီး လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

အဆိုပါ ဗုဒ္ဓပြတိုက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၄-၁၀-၂၀၂၂ ရက်နေ့တွင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်စဉ် အသစ်ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန် လမ်းညွှန်မှာကြားချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၇၆၅ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ရာ ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မြို့သစ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မြို့သစ် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ လူငယ်များဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက မြို့သစ်မြို့အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ယခုကဲ့သို့ လူငယ်စကားဝိုင်းပြုလုပ်ရခြင်းသည် လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူအများရှေ့တွင် စကားပြောစွမ်းရည် တိုးတက်မှုရှိလာစေရန်၊ လူငယ်များ အချင်းချင်း အသိပညာများကို တစ်ဦးနဲ့တစ်ဦး ဖလှယ်နိုင်စေရန်၊ ယဉ်ကျေးမှုများရှိပြီး ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်အားကစားမှူး ဦးသိန်းဇော်မင်းတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူခြောက်ဦးတို့က လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး အစရှိသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ မြို့နယ်ပညာရေးစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြဝတီ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်ကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဦးစိန်သောင်း၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဦးအောင်မင်းစိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည်" စုံညီပွဲတော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁)၊ ခရိုင်ပညာရေးမှူး ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် မြို့နယ်ကျောင်းစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရပ်နယ်ပယ်အလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသား ဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ကမ္ဘောဒီးယားဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ သွားရောက်မည်

**ဖနောင်ပင် ဇန်နဝါရီ ၁၇**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်သည် လာမည့်လတွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ကြေညာချက်ထုတ်ပြန်သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ယခုခရီးစဉ်သည် အာဏာရကွန်မြူနစ်ပါတီ ခေါင်းဆောင်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင် တတိယသက်တမ်း သမ္မတတာဝန် ထမ်းဆောင်ချိန်မှစကာ ပထမဆုံးဖြစ်သည်။

အဆိုပါခရီးစဉ်တွင် မြန်နှုန်းမြင့်ရထားလိုင်း တည်ဆောက်ခြင်းအပါအဝင် ကမ္ဘောဒီးယားနိုင်ငံအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးဖွယ်ရှိသည်။



တရုတ်သမ္မတ ရှီကျင့်ဖျင် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်ကို ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့ခန်းမကြီး၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်က လက်ခံတွေ့ဆုံစဉ်။

အဆိုပါခရီးစဉ်သည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။ နိုဝင်ဘာလက မြို့တော် ဖနောင်ပင်နှင့် တောင်ဘက် ဆိပ်ကမ်းမြို့ဖြစ်သည့် ဆီဟာနုဗီလီကို ဆက်သွယ်ထားသည့် ကီလိုမီတာ ၁၉၀ ရှည်သော အဝေးပြေးလမ်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တည်ဆောက်ရေးအတွက် တရုတ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ မတည်ရင်းနှီးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် အခြားတရုတ်ဦးဆောင်စီးပွားရေး လုပ်ငန်းများလည်း လုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ် သမ္မတ နုတ်ထွက်မှုကို ကွန်မြူနစ်ပါတီ သဘောတူခဲ့ဟုဆို



**ဟန္နိုင်း ဇန်နဝါရီ ၁၇**

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် သမ္မတ ငုယင်စွမ်းဖု (ဝဲပုံ) ကို ရာထူးမှ နုတ်ထွက်ရန် သဘောတူခဲ့သည်။ ဗီယက်နမ်သမ္မတသည် အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံများနှင့် တာဝန်မကင်းသူ တစ်ဦးဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

အဆိုပါ အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံများတွင် ကိုရိုနာဗိုင်းရပ်စ်ကိုင်တွယ်ဖြေရှင်းမှုလည်းပါသည်။ အရှုပ်တော်ပုံများနှင့် ပတ်သက်ပြီး ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖမ်းဆီးမှုနှင့် ထုတ်ပယ်မှုများ ဆက်တိုက်ပြုလုပ်နေပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကယ်လီဖိုးနီးယားပြည်နယ်သို့ ဝင်ရောက်ခဲ့သော မုန်တိုင်းများကြောင့် ၁၉ ဦးထက်မနည်းသေဆုံး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၇**

ကယ်လီဖိုးနီးယားပြည်နယ်ကို ဇန်နဝါရီ ၁၆ ရက်က နောက်ထပ် မုန်တိုင်းတစ်ခု ဝင်ရောက်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးခြင်းနှင့် ဆီးနှင်းကျဆင်းမှုများ ဖြစ်ပွားခဲ့သည်။

မုန်တိုင်းများသည် ကယ်လီဖိုးနီးယားပြည်နယ်ကို သီတင်းပတ်ပေါင်းများစွာ တိုက်ခတ်ခဲ့သောကြောင့် မြေပြိုမှုများ၊ ရေကြီးမှုများနှင့် ပျက်စီးမှုများ ဖြစ်ခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်က ဝင်ရောက်ခဲ့သော မုန်တိုင်းများကြောင့် လူ ၁၉ ဦးထက် မနည်းသေဆုံးခဲ့သည်။

မုန်တိုင်းကြောင့် လူသေဆုံးမှုသည် တောမီးလောင်မှုကြောင့် လူသေဆုံးမှုထက်ပိုများကြောင်း ကယ်လီဖိုးနီးယားမြို့တော်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆန်းက လွန်ခဲ့သောသီတင်းပတ်က ပြောခဲ့သည်။ **ဆင်ဟွာ**

# နီပေါလေယာဉ်ပျက်ကျမှုအတွက် တရုတ်သမ္မတ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဇန်နဝါရီ ၁၆ ရက်က လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး နီပေါသမ္မတ ဘီဒီယာ ဒေဗီဘန်ဒါရီထံ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဝမ်းနည်းကြောင်း သဝဏ်လွှာတွင် တရုတ်အစိုးရနှင့် တရုတ်ပြည်သူများကိုယ်စား တရုတ်သမ္မတရှီက နီပေါနိုင်ငံတွင် လူအများအပြားသေဆုံးသည့် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည်ကို ကြားသိရကြောင်း၊ သေဆုံးသူများအတွက် အလွန်စိတ်မကောင်းဖြစ်မိသည်ကို ဖော်ပြလိုကြောင်း၊ ကျန်ရစ်သူမိသားစုများအတွက် စိတ်ရင်းမှန်ဖြင့် ကိုယ်ချင်းစာမိပါကြောင်း ဖော်ပြခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၆ ရက်က တရုတ်ဝန်ကြီးချုပ် လီခချန်ကလည်း နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါ ကာမဲလ်ဒါဟယ်ကို ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ ဇန်နဝါရီ ၁၇ ရက်က နီပေါလေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည့်နေရာမှ နောက်ထပ်သေဆုံးသူ နှစ်ဦးကို ထပ်မံတွေ့ရှိခဲ့သည်။ ပျောက်ဆုံးသူတစ်ဦးကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိတွင် အတိအကျ မပြောနိုင်သေးကြောင်း သိရသည်။

ဇန်နဝါရီ ၁၆ ရက်က သေဆုံးသူ ၆၉ ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။ ခရီးသည် ၆၈ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦးလိုက်ပါလာသော ယက်တီလေကြောင်းလိုင်းမှ လေယာဉ်သည် ခတ္တမန္ဒူမှ ပေါ့ခ်ဟာရာသို့ ဦးတည်ပျံသန်းလာစဉ် ဆက်တီမြစ်ကမ်းစပ်အနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်ပါ လူ ၇၂ ဦးအနက် ၇၁ ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။ နီပေါနိုင်ငံ သမိုင်းတစ်လျှောက်တွင် အဆိုပါလေယာဉ်ပျက်ကျမှုသည် ဆယ်စုနှစ် သုံးစုအတွင်း အဆိုးရွားဆုံးဖြစ်သည်။

**ဆင်ဟွာ**

# လူပေါင်း ၆၄၃၄ ဦးသေဆုံးခဲ့သည့် ဟန်ရှင်း-အာဝါဂျီငလျင် (၂၈) ကြိမ်မြောက် အောက်မေ့ဖွယ်အခမ်းအနားကျင်းပ

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်နိုင်ငံ၌ ဇန်နဝါရီ ၁၇ ရက်က ဟန်ရှင်း-အာဝါဂျီငလျင် (၂၈) ကြိမ်မြောက် အောက်မေ့ဖွယ်အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။ အဆိုပါငလျင်ကြောင့် လူပေါင်း ၆၄၃၄ ဦး သေဆုံးခဲ့သည်။

အင်အားပြင်းငလျင်သည် ဂျပန်နိုင်ငံအနောက်ပိုင်း ဟိုဂိုစီရင်စုနှင့် အနီးနားဒေသများတွင် လှုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က လှုပ်ခဲ့သော အဆိုပါငလျင်သည် အဆောက်အအုံများနှင့် လူနေအိမ်ခြေ အမြောက်အမြားကို ပျက်စီးစေခဲ့သည်။

အဆိုပါငလျင်ဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသည့် ကိုဘေးမြို့ရှိ ပန်းခြံတစ်ခုတွင် ထိခိုက်သေဆုံးသူများအတွက် အထိမ်းအမှတ် အမှတ်တရ ဝါးမီးအိမ်များရှိသည်။ ဟိုဂိုစီရင်စု အစိုးရသည် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကြောင့် ကြွေးမြီ ဒေါ်လာ ၉ ဘီလီယံတင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တိုယိုတာကားကုမ္ပဏီ ကမ္ဘာတစ်ဝန်း ကားစီးရေ ၁၀ သန်းကျော် ထုတ်မည်

**တိုကျို ဇန်နဝါရီ ၁၇**

တိုယိုတာကားထုတ်လုပ်ရေးကုမ္ပဏီက ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း မော်တော်ယာဉ်အစီးရေ ၁၀ ဒသမ ၆ သန်း ထုတ်လုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကမ္ဘာတစ်ဝန်း တစ်ပိုင်းလျှပ်ကူးပစ္စည်းဟုခေါ်သည့် ဆီမီးကွန်ဒက်တာ ပြတ်တောက်ခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကဲ့သို့သော ပြဿနာများက ကားထုတ်လုပ်ရေးရည်မှန်းချက်ကို ပျက်ပြယ်စေနိုင်သည်။

ဂျပန် ဦးဆောင်ကားထုတ်လုပ်ရေး ကုမ္ပဏီသည် ဇန်နဝါရီ ၁၆ ရက် က ၂၀၂၃ ခုနှစ် ကားထုတ်လုပ်ရေးစီမံချက်ကို ထုတ်ပြန်ခဲ့သည်။ ယခုနှစ်အခြေအနေမှာလည်း ရှေ့အနာဂတ်ကို ကြိုတင်ခန့်မှန်းရန် အခက်အခဲရှိကြောင်း တိုယိုတာကားကုမ္ပဏီက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

တိုယိုတာကုမ္ပဏီတွင် ကားတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။



# ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဦးမော့လာဖို့ မျှော်လင့်ချက်ရောင်ခြည်သန်းလာတဲ့ အင်ဒိုနီးရှား

◇◇◇◇◇◇◇◇◇◇◇◇ နှယ်နီလင်း ◇◇◇◇◇◇◇◇◇◇◇◇

**အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံခြားခရီးသည် ၇ ဒသမ ၄ သန်းကို ဆွဲဆောင်နိုင်တဲ့ အဓိကရည်မှန်းချက် ပန်းတိုင်တစ်ခု ချမှတ်ထားပြီး ၂၀၂၃ ခုနှစ်မှာ ခရီးသွားလုပ်ငန်းတွေ သိသိသာသာ ပြန်လည် ဦးမော့လာမယ်လို့ ခန့်မှန်းထားပါတယ်။**



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ တွေ့ရသော ကမ္ဘာလှည့်ခရီးသွားများ။

**ကြိုးစားအားထုတ် လုပ်ဆောင်သွားမှာ**

အဆိုပါရည်မှန်းချက်ကို အောင်မြင်ရန်အတွက် အင်ဒိုနီးရှားအစိုးရက ခရီးသွားတွေအတွက် ပိုမို အဆင်ပြေအောင် လုပ်ဆောင်ပေးခြင်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ တိုးတက်လာဖို့ ကြိုးစားအားထုတ် လုပ်ဆောင်သွားမှာ ဖြစ်တယ်။

ကမ္ဘာတစ်ဝန်းလုံးမှ ခရီးသွားတွေကို ကြိုဆိုဖို့ အဆင်သင့်ဖြစ်နေတယ်လို့ နိုင်ငံရဲ့ထိပ်တန်း အပန်းဖြေရာနေရာ၊ အပန်းဖြေဖို့ ပင်လယ်ကမ်းခြေအိမ်နဲ့ ဟိုတယ်တွေမှ တာဝန်ရှိသူတွေက ပြောတယ်။

**၃၀ ရာခိုင်နှုန်းထက်မနည်း တိုးတက်လာရန် ခန့်မှန်းထား**

၎င်း၏ စီးပွားရေးလုပ်ငန်းမှာ ၂၀၁၉ ခုနှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၂၃ ခုနှစ်မှာ ၃၀ ရာခိုင်နှုန်းထက်မနည်း တိုးတက်လာဖို့ ခန့်မှန်းထားတယ်လို့ ဘာလီ အခြေစိုက် မိသားစု ဟိုတယ်စီမံခန့်ခွဲမှုမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဒဲဂါး ပရာမားနားက ဆင်ဟွာသို့ ပြောပါတယ်။ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေဟာ ခရီးသွားလုပ်ငန်းအတွက် အလွန်ဝမ်းနည်းစရာကောင်းတဲ့နှစ်တွေ ဖြစ်ခဲ့တယ်လို့ ၎င်းကပြောတယ်။

ယခုအခါ အလုပ်သမား ၉၀၀ ငှားရမ်းထားတဲ့ မိသားစုဟိုတယ်နဲ့ အပန်းဖြေစခန်း ၁၀ ခုထက်မနည်း လုပ်ကိုင်နေတဲ့ အမှုဆောင်အရာရှိချုပ်က ဟိုတယ်တွေ၊ အပန်းဖြေနေရာတွေနဲ့ အပန်းဖြေပင်လယ်ကမ်းခြေအိမ်တွေကို ထူထောင်ဖို့ စီစဉ်နေတယ်။

ခရီးသွားလုပ်ငန်းမှာ အခုနှစ်အတွင်း ပြန်လည်ကောင်းမွန်လာမယ်လို့ ယုံကြည်မိတယ်။ နှစ်ပေါင်းများစွာက ဘာလီကျွန်းမှာ နိုင်ငံခြားခရီးသွား ဝင်ရောက်မှုအရေအတွက် မြင့်မားလာခဲ့ပြီး ဘာလီကျွန်းဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ အနှစ်သက်ဆုံး ခရီးသွားနေရာတစ်ခုလည်း ဖြစ်ခဲ့တယ်လို့ အင်ဒိုနီးရှားစာရင်းအချက်အလက် (ဘီပီအက်စ်) က ပြောတယ်။

**၂၀၂၃ ခုနှစ်ကုန်မှာ ၇၀ ရာခိုင်နှုန်းအထိရှိနိုင်**

အပန်းဖြေကျွန်းရှိ ဟိုတယ်တည်းခိုမှုနှုန်းမှာ ၂၀၂၂ ခုနှစ်က ၅၀ ရာခိုင်နှုန်းဝန်းကျင်နဲ့ နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်ကုန်မှာ ၇၀ ရာခိုင်နှုန်းအထိ ရှိနိုင်တယ်လို့ ဘာလီရှိ ဒန်းပါဆာမြို့ ခရီးသွားလာရေးရုံးမှ အကြီးအကဲဖြစ်သူ ဒီဇိုင်ရဲ မူရာနီက ပြောတယ်။

ထို့ပြင် လော့ဒေါင်းနှင့် လူမှုဆိုင်ရာ ကန့်သတ်ချက်မူဝါဒကိုမဆို ဖျက်သိမ်းခဲ့တယ်။ ဒါ့ကြောင့် မိမိတို့ဟာ ရည်မှန်းချက်ကို ရောက်ရှိနိုင်ရန်ယုံကြည်တယ်လို့ မူရာနီက ဘာလီတွင် ပြောတယ်။

**ကန့်သတ်ချက်တွေကို ရုပ်သိမ်းဖို့ ဆုံးဖြတ်ခဲ့**

အင်ဒိုနီးရှားအစိုးရဟာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ဆိုင်ရာ အများပြည်သူ လုပ်ဆောင်ချက် ကန့်သတ်ချက်တွေကို ရုပ်သိမ်းဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒါပေမယ့်လည်း ကပ်ရောဂါဟာ မပြီးပြတ်သေးတဲ့အတွက်ကြောင့် ကိုဗစ်- ၁၉ရဲ့ ကျန်းမာရေး အရေးပေါ်အခြေအနေ ရှိနေဆဲဖြစ်တယ်လို့ သမ္မတ ဂျိုကိုဝီဒိုဒိုက ပြီးခဲ့တဲ့ နှစ်ကုန်က ပြောကြားခဲ့တယ်။

**၇ ဒသမ ၄ သန်းကို ဆွဲဆောင်နိုင်ဖို့ ရည်မှန်းထား**

အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ စီးပွားရေးဝန်ကြီး ဆန်ဒီယာဂါ ယူနိုက ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၇ ဒသမ ၄ သန်းကို ဆွဲဆောင်နိုင်ဖို့ ရည်မှန်းထားတယ်လို့ ပြောပါတယ်။ အဆိုပါ ရည်မှန်းချက်ဟာ ၂၀၂၂ ခုနှစ် နိုင်ငံက မှတ်တမ်းတင်ထားတဲ့ နိုင်ငံခြားခရီးသွား အရေအတွက်မှာ နှစ်ဆတိုးလာပြီး နိုင်ငံခြားငွေလဲလှယ်မှုတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅ ဘီလီယံမြင့်တက်လာမှာ ဖြစ်တယ်။ ၂၀၂၃ ခုနှစ်မှာ ဘာလီသို့ နိုင်ငံခြားခရီးသွား လေးသန်း ဝင်ရောက်ဖို့ ခန့်မှန်းထားတယ်လို့ ဝန်ကြီးယူနိုက ပြောတယ်။

**ပြီးခဲ့တဲ့နှစ်က ၅ ဒသမ ၂ သန်းအထိ လက်ခံရရှိခဲ့**

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ်က နိုင်ငံခြားခရီးသွား ၃ ဒသမ ၆ သန်းကို ဆွဲဆောင်ဖို့ ရည်မှန်းထားသော်လည်း နောက်ပိုင်းမှာ ၅ ဒသမ ၂ သန်းအထိ လက်ခံရရှိခဲ့တယ်လို့ ၎င်းက ပြောတယ်။ သြစတြေးလျ၊ အိန္ဒိယ၊ မလေးရှား၊ နယူးဇီလန်နဲ့ စင်ကာပူနိုင်ငံကဲ့သို့သော အင်ဒိုနီးရှားနိုင်ငံသို့ ခရီးသည် ဝင်ရောက်မှုတိုးနေတဲ့ နိုင်ငံတွေမှ နိုင်ငံခြားခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် အာရုံစိုက်မှာ ဖြစ်ပါတယ်ဟု ၎င်းက ဆက်ပြောတယ်။

၂၀၂၂ ခုနှစ်က အဆိုပါနိုင်ငံတွေမှ ခရီးသွား ဝင်ရောက်မှုအရေအတွက်ကို ဦးဆောင်နေတယ်လို့ အင်ဒိုနီးရှား စာရင်းအချက်အလက်တွေမှာ ဖော်ပြထားတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ အကောင်းဆုံးဆောင်ရွက်ထားတဲ့ ကိုဗစ်- ၁၉ မဟာဗျူဟာကို လိုက်နာပြီးနောက် တရုတ်ခရီးသွားတွေကို ကြိုဆိုဖို့ အဆင်သင့်ဖြစ်တယ်လို့ ၎င်းက ဆက်ပြောတယ်။

**အခုနှစ်မှာ တရုတ်ခရီးသွား ၂၅၃၀၀၀ လာရောက်လည်ပတ်နိုင်ဖို့ ခန့်မှန်းထား**

အခုနှစ်မှာ နိုင်ငံအတွင်း အားလပ်ရက်ခရီးအတွက် တရုတ်ခရီးသွား ခန့်မှန်းခြေ ၂၅၃၀၀၀ လာရောက်လည်ပတ်နိုင်ရန် ခန့်မှန်းထားတယ်လို့ ဂျကာတာမှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ၎င်းက ပြောတယ်။

**၂၀၁၉ ခုနှစ်အတွင်း တရုတ်ခရီးသွား ဝင်ရောက်မှုမှာ ၂ ဒသမ ၀၇ သန်းရှိခဲ့**

ကိုဗစ်- ၁၉ ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံတွင်းသို့ တရုတ်ခရီးသွားဝင်ရောက်မှု အရေအတွက်မှာ ထိပ်ဆုံးက ရှိခဲ့တယ်လို့ အင်ဒိုနီးရှား စာရင်းအချက်အလက်ကို ကိုးကားပြီး ဝန်ကြီးက ပြောတယ်။ ၂၀၁၉ ခုနှစ်အတွင်း တရုတ်ခရီးသွားဝင်ရောက်မှုမှာ ၂ ဒသမ ၀၇ သန်းရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တရုတ်ခရီးသွား ၉၄၉၂၄ ဦးသာ လာရောက်လည်ပတ်ခဲ့တယ်လို့ ဘီပီအက်စ်က ထုတ်ပြန်ထားတယ်။

**အထူးဦးစားပေး ခရီးသွားနေရာငါးခုကို ပိုမိုမြှင့်တင်သွားမှာဖြစ်**

နောက်ထပ်မဟာဗျူဟာအဖြစ် အင်ဒိုနီးရှားအစိုးရက နိုင်ငံတကာပွဲတွေ ကျင်းပခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွား ရည်မှန်းချက်တွေ အထူးသဖြင့် အထူးဦးစားပေးခရီးသွားနေရာ ငါးခုကို ပိုမိုမြှင့်တင်သွားမှာဖြစ်တယ်။

အထူးဦးစားပေးနေရာငါးခုမှာ မြောက်ဆူမားတြားပြည်နယ်ရှိ တိုဘာရေကန်၊ ဂျာဗားပြည်နယ်အလယ်ပိုင်းရှိ ဗောရောဗုဓ၊ နူဆာတန်ဂါရာပြည်နယ်အနောက်ပိုင်းရှိ မန္ဒလိက၊ နူဆာ တန်ဂါရာပြည်နယ်အရှေ့ပိုင်းရှိ လဗွမ် ဘာဂျိုနှင့် ဆူလာဝေစီပြည်နယ်မြောက်ပိုင်းရှိ လစ်ကူပန်တွေပဲ ဖြစ်တယ်။

ဆက်လက်ပြီး နိုင်ငံတစ်ဝန်း ခရီးသွားကျေးရွာအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြှင့်တင်ရေးကိုလည်း အရှိန်မြှင့်တင်သွားမယ်။ လက်ရှိအင်ဒိုနီးရှားနိုင်ငံမှာ ခရီးသွား ကျေးရွာ ၁၈၃၁ ခုရှိပြီး ယင်းမှာ နိုင်ငံရဲ့ နောက်ထပ် ခရီးသွားသင်္ကေတတွေ ဖြစ်လာနိုင်ခြေရှိပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

**❒ နောက်ထပ်မဟာဗျူဟာအဖြစ် အင်ဒိုနီးရှားအစိုးရက နိုင်ငံတကာပွဲတွေ ကျင်းပခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံရဲ့ခရီးသွားရည်မှန်းချက်တွေ အထူးသဖြင့် အထူးဦးစားပေးခရီးသွား နေရာငါးခုကို ပိုမိုမြှင့်တင်သွားမှာဖြစ်**

**❒ ဆက်လက်ပြီး နိုင်ငံတစ်ဝန်း ခရီးသွားကျေးရွာအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြှင့်တင်ရေးကိုလည်း အရှိန်မြှင့်တင်သွားမယ်။ လက်ရှိအင်ဒိုနီးရှားနိုင်ငံမှာ ခရီးသွားကျေးရွာ ၁၈၃၁ ခုရှိပြီး ယင်းမှာ နိုင်ငံရဲ့ နောက်ထပ် ခရီးသွားသင်္ကေတများ ဖြစ်လာနိုင်ခြေရှိ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိ

**(၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၈၉,၃၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၆၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၈၅ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၀၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၆ | ၂၁၂၁ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၉၃ | ၂၄၇၁ |
| HSD (10 ppm) | ၂၃၉၃ | ၂၄၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းထူးခြားဖြစ်စဉ်သတင်းများ

**၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများစွာတို့တွင် ထူးခြားဖြစ်စဉ်များကို မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့မှုများအနက်မှ ကောက်နုတ်စုစည်း ဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှအဆက်)*

**အောက်တိုဘာ ၁၁**

### ဘင်္ဂလားဒေ့ရှ်သို့ မြန်မာ့ဆန် တန်ချိန် ၂၁၀၀၀ ကျော် တင်ပို့

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ MV VTC Ocean သင်္ဘောဖြင့် မြန်မာ့ တန်းမြင့်ဆန်တန်ချိန် ၂၁၃၀၀ကို အောက်တိုဘာ ၂၁ ရက်က စတင်တင်ပို့ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဦးစီးဌာနတို့အကြား တန်းမြင့်ဆန် တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုခဲ့သည်။

**အောက်တိုဘာ ၁၂**

### ကျိုက်ထီးရိုးတောင်တက်ကားဂိတ်အား အကြမ်းဖက်တိုက်ခိုက်မှု

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရား ကင်မွန်းချောင်းတောင်တက် ကားဂိတ်အား အောက်တိုဘာ ၁၂ ရက်က KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူအမျိုးသမီးသုံးဦး သေဆုံးခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

**အောက်တိုဘာ ၁၇**

### အူများ ဝမ်းဗိုက်အပြင်ရောက်သည့် ကလေးကို ခွဲစိတ်ကုသ

မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် အသက်လေးရက်သား မွေးကင်းစ မိန်းကလေး ဘေဘီ နန်းမွေဖောင်ကို စက်တင်ဘာ ၃၀ ရက်က စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ပါမောက္ခ (ခွဲစိတ်) ဒေါက်တာ အောင်ခိုင်ဇံ၊ လက်ထောက်ဆရာဝန် ဒေါက်တာ ထက်အောင်ကျော်နှင့် ပါမောက္ခ(မေ့ဆေး) ဒေါက်တာ ဖုန်းမြင့်တို့ ဦးဆောင်သောအဖွဲ့က အူများကို ဝမ်းဗိုက်အတွင်း ပြန်လည်ထည့်သွင်းပေးသည့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

**အောက်တိုဘာ ၁၈**

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၈ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၈၈ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၆ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၂၂ ဆု၊ ချင်းပြည်နယ်မှ ၂၁ ဆု၊ ကရင်ပြည်နယ်မှ ဆု ၂၀၊ ရခိုင်ပြည်နယ်မှ ဆု ၂၀၊ ရှမ်းပြည်နယ်မှ ၁၉ ဆု၊ မွန်ပြည်နယ်မှ ၁၅ ဆု၊ ကချင်ပြည်နယ်မှ ၁၁ ဆုနှင့် ကယားပြည်နယ်မှ ၁၀ ဆု ရရှိခဲ့ကြသည်။

**အောက်တိုဘာ ၂၁**

### လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်မှု

၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ်အထိ ခြောက်နှစ်တာကာလအတွင်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၉၁၆၃ ရွာ၊ အိမ်ခြေပေါင်း ၄၁၈၃၆၃ အိမ်၊ အသေးစားဓာတ်အားစနစ်ဖြင့် စီမံကိန်းလုပ်ငန်းပေါင်း ၁၂၆ ခု၊ ကျေးရွာပေါင်း ၁၆၂ ရွာ၊ အိမ်ခြေပေါင်း ၃၈၉၁၃ အိမ်၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးကာ စုစုပေါင်း ကျေးရွာ ၉၃၂၅ ရွာ၊ အိမ်ခြေပေါင်း ၄၅၇၂၇၆ အိမ်၊ လူဦးရေ ၂ ဒသမ ၃ သန်းခန့်ကို အကျိုးပြုနိုင်ခဲ့ပြီး စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘာသာရေး အဆောက်အအုံစသည်တို့အတွက်လည်း အများသုံးဆိုလာစနစ် ၁၆၀၈၈ ခု၊ လမ်းမီးတိုင်ပေါင်း ၅၃၉၂၂ တိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပေါင်း ၁၃၃၈ ခုအတွက်လည်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အောက်တိုဘာ ၂၇**

### နှလုံးရောဂါ ကလေးလူနာ ၁၃၉၀ ကို အောင်မြင်စွာ ကုသ

ကျန်းမာရေးဝန်ကြီးဌာန ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး (ရန်ကုန်) နှလုံးကုသဆောင်၌ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ကလေးဆေးရုံ အမှတ်(၁)မှ ကလေးနှလုံး အထူးကုဆရာဝန် Dr. Do Nguyen Tin နှင့် ပါမောက္ခ ဒေါက်တာခင်မောင်ဦး၊ ပါမောက္ခ (ကလေးနှလုံး) ဦးဆောင်သော ကလေးနှလုံးရောဂါ အထူးကုဆရာဝန်များနှင့်အတူ ပူးပေါင်း၍စက်တင်ဘာလအတွင်း မွေးရာပါနှလုံးရောဂါရှင်ကလေးလူနာ စုစုပေါင်း ၁၃ ဦးကို ခွဲစိတ်ရန်မလိုဘဲ အောင်မြင်စွာ ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဆေးရုံမှ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်းနှလုံးရောဂါ ဝေဒနာရှင် ကလေးလူနာ ၁၃၉၀ ကို အောင်မြင်စွာ ကုသနိုင်ခဲ့သည်။



**နိုဝင်ဘာ ၉**

### Naypyitaw State Academy ဖွင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲ ကို နိုဝင်ဘာ ၉ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ခဲ့သည်။ Naypyitaw State Academy ၌ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီး တစ်နှစ် တိုးချဲ့ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည့်အပြင် ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**နိုဝင်ဘာ ၁၂**

### နေပြည်တော် နည်းပညာတက္ကသိုလ်ဖွင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော် နည်းပညာတက္ကသိုလ် ဖွင့်ပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ခဲ့သည်။ နေပြည်တော်နည်းပညာ တက္ကသိုလ်တွင် (၂၀၂၂–၂၀၂၃) ပညာသင်နှစ်၏ ပထမနှစ်သင်တန်းများကို ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

**နိုဝင်ဘာ ၁၈**

### မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်အမှတ် ၇၀/ ၂၀၂၂၊ ၇၁/ ၂၀၂၂၊ ၇၂/ ၂၀၂၂၊ ၇၃/ ၂၀၂၂ နှင့် ၇၄/ ၂၀၂၂ တို့ဖြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အလုပ်စခန်းအသီးသီးတို့တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၇၇၄ ဦးနှင့် အခြားအကျဉ်းသားငါးဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ထို့ပြင် အမှုဖွင့်တရားစွဲဆိုခံထားရသည့် အနုပညာရှင် ၁၁ ဦးအား အမှုများကို ပိတ်သိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံခြားသားလေးဦးတို့ကိုလည်း ပြစ်ဒဏ်များ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ဤကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုများကို နောင်တွင်လည်း အလားတူ လုပ်ဆောင်နိုင်မည်ဟုမျှော်လင့်ပါကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၂)ကို နိုဝင်ဘာ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

**နိုဝင်ဘာ ၂၉**

### ၅၅ ကြိမ်မြောက် ကျောက်ကပ်အစားထိုး ကုသမှုအောင်မြင်

အထူးကုဆေးရုံကြီး ခုတင် (၅၀၀) ရန်ကုန်မြို့၌ ၅၅ကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုအဖြစ် လူနာ မခင်ညိုညိုထွေးနှင့် အလှူရှင် မသင်းပြည့်ပြည့်မိုးတို့ ညီအစ်မအား နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှုအောင်မြင်စွာပြီးစီးခဲ့သည်။ အဆိုပါဆေးရုံကြီး စတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ်မှစ၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်အထိ စုစုပေါင်း ၅၅ ကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်ပေးခဲ့သည်။

**ဒီဇင်ဘာ ၁၅**

### လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ) ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့တွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX–1A အပါအဝင် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ် စခန်းဌာနချုပ်၌ ကျင်းပခဲ့သည်။ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပါဝင်သည့် Su–30 SME လေယာဉ်သည် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်ပြီး တပ်မတော်(လေ)အတွက် ပထမဆုံး စတင်အသုံးပြုသည့် လေယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ဒီဇင်ဘာ ၁၇**

### ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ် ကုသဆောင်သစ်ဖွင့်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ် ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ကိုးထပ် ကုသဆောင်သစ်ကို မြေရေိယာဧက ၂ ဒသမ ၂၃ဧကပေါ်တွင် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံ ငွေကျပ် ၂၂၉၅ ဒသမ ၇၈ သန်း အသုံးပြုတည်ဆောက်ခဲ့သည်။ ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ၂၀၂၂ ခုနှစ်အတွင်း အတွင်းလူနာပေါင်း ၇၀၀၀၀ ကျော်နှင့် ပြင်ပလူနာပေါင်း ၆၀၀၀၀ ကျော် ကုသပေးနိုင်ခဲ့သည်။

**ဒီဇင်ဘာ ၂၄**

### တပ်မတော်(ရေ)အတွက် ရေယာဉ်များတပ်တော်ဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ) ၏ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်း တပ်တော်ဝင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တပ်မတော်(ရေ)အတွက် ပဉ္စမနှင့် ဆဋ္ဌမမြောက် Super Dvora အမြန်သွားကင်းလှည့်ရေယာဉ်များအပါအဝင် တပ်မတော်(ရေ)က တည်ဆောက်ခဲ့သည့် အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စင်း၊ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်နှစ်စင်းနှင့် ရေသယ်ရေယာဉ်တစ်စင်းတို့ တပ်တော်ဝင်ခဲ့သည်။

**ဒီဇင်ဘာ ၂၉**



ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ် ကုသဆောင်သစ်ကို တွေ့ရစဉ်။

### အရိုးရောဂါအထူးကု ဆေးရုံကြီး–ရန်ကုန် တိုးချဲ့ဆောင်သစ်ဖွင့်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကု ဆေးရုံကြီး – ရန်ကုန် တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံ ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ရန်ကုန် တိုင်းဒေသကြီးအတွင်း ဆေးရုံ စုစုပေါင်း ၈၃ ရုံ၊ ဗဟိုအဆင့် အထူးကုဆေးရုံ ၁၀ ရုံ ဖွင့်လှစ်ကုသပေးလျက်ရှိသည်။

**သတင်းအဖွဲ့- စုစည်းတင်ပြသည်**

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်သတင်းများ

**၂၀၂၂ ခုနှစ်သည် အခြားသောနှစ်များနှင့်မတူဘဲ ပါကစ္စတန်နိုင်ငံတွင် ပြင်းထန်သည့် ရေကြီးရေလျှံမှုမှ စံချိန်တင် အပူလှိုင်းကျရောက်သည်အထိ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း အဖြစ်အပျက်အပြောင်းအလဲများစွာဖြင့် ပြည့်နှက်နေခဲ့ပါသည်။ သဘာဝဘေးကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုထူးခြားဖြစ်စဉ်များကို စုစည်းဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှအဆက်)*

### ဇန်နဝါရီ

#### အီသီယိုးပီးယား လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်း

လက်နက်ကိုင်ပဋိပက္ခများ၊ ရာသီဥတုဖောက်ပြန်မှုများ၊ ရောဂါဖြစ်ပွားမှုများနှင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများက အီသီယိုးပီးယားနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ပိုမိုဆိုးရွားစေခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံလူဦးရေ၏ ငါးပုံ တစ်ပုံကျော်ဖြစ်သော လူပေါင်း ၂၅ ဒသမ ၉ သန်းမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်ခဲ့သည်။ နိုဝင်ဘာလတွင် အီသီယိုးပီးယားအစိုးရနှင့် တီဂရေးပြည်သူ့လွတ်မြောက်ရေးတပ်ဦးတို့ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် တီဂရေးဒေသတွင် လူသန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဖန်တီးပေးခဲ့သော နှစ်နှစ်ကြာ စစ်ပွဲကို အဆုံးသတ်နိုင်ခဲ့သည်။

### ဇန်နဝါရီ

#### မလေးရှားနိုင်ငံ၌ ရေကြီးမှုဖြစ်ပွား

မလေးရှားနိုင်ငံ၌ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးအဖြစ် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ တစ်လနှင့် သုံးရက်ကြာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။ ကျွန်းဆွယ်တစ်လျှောက် ပြည်နယ်ရှစ်ခု ရေကြီးရေလျှံမှုဒဏ်ခံစားခဲ့ရပြီး ၅၄ ဦး သေဆုံးခဲ့ကာ နှစ်ဦးပျောက်ဆုံးခဲ့သည်။ အဆိုပါ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၇၁၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး စုစုပေါင်း ၁၂၅၀၀၀ကျော် ရေဘေးသင့်ခဲ့သည်။ မလေးရှားနိုင်ငံ၌ ၁၉၉၆ ခုနှစ်တွင် လူပေါင်း ၂၃၈ ဦး သေဆုံးပြီး ၁၀၂ ဦးပျောက်ဆုံးခဲ့သော အပူပိုင်းမုန်တိုင်း ဂရက် ပြီးနောက် အဆိုပါ ရေကြီးရေလျှံမှုသည် အပူပိုင်းဆိုင်ကလုန်းနှင့် ဆက်နွယ်သော လူသေဆုံးမှုများသည့် သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

### မေ

#### အရှေ့အလယ်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်

အီရန်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့အပါအဝင် အရှေ့အလယ်ပိုင်းရှိ နိုင်ငံအများအပြားတွင် သဲနှင့် ဖုန်မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါ ဖြစ်ရပ်ကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြဿနာများကြောင့် လူ ပေါင်း ၁၀၀၀ ကျော် ဆေးရုံတက်ရောက်ခဲ့ရသည့်အပြင် မြို့အများအပြား၏ လေယာဉ်အဝင် အထွက် ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရသည်။



၂၀၂၂ ခုနှစ် မေတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ သဲမုန်တိုင်း တိုက်ခတ်စဉ်။

### ဇွန်

#### စားနပ်ရိက္ခာမလုံလောက်မှု ကြုံတွေ့နေရ

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ထုတ်ပြန်ချက်အရ လူသန်းပေါင်းများစွာသည် ညစဉ်ညတိုင်း ဗိုက်ဆာလျက် ညအိပ်ရာဝင်ကြရသည်ဟု သိရသည်။ ထိုကဲ့သို့ စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရသည့် လူဦးရေ အရေအတွက်မှာ ၂၀၁၉ ခုနှစ်နောက်ပိုင်း လူပေါင်း ၁၃၅ သန်းမှ ၃၄၅ သန်းအထိ မြင့်တက်လာခဲ့သည်။ ထို့ပြင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ လူသန်း ၅၀ သည် ငတ်မွတ်ခေါင်းပါးမှုဘေးသို့ တစ်ဟုန်တိုးမြင့်တက်လာနေသည်ဟုလည်း ဆိုသည်။ အာဖရိက ဦးချိုဒေသ၌ လေးနှစ်ဆက် မိုးရွာသွန်းမှုမရှိသောကြောင့် ပြင်းထန်သော မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် အာဖရိက ဦးချိုဒေသ၌ ဆိုမာလီယာနိုင်ငံသည် အခြားသောနိုင်ငံများထက် စားနပ်ရိက္ခာမလုံလောက်မှုဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရှိနေသည်။ ဆယ်စုနှစ် သုံးစုကြာ ပြည်တွင်းစစ်ဖြစ်ပွားမှု၊ နိုင်ငံရေး မတည်ငြိမ်မှုနှင့် စံချိန်တင် အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုက ဆိုမာလီယာနိုင်ငံကို ငတ်မွတ်ခေါင်းပါးမှုဘေးအန္တရာယ်သို့ အရောက်တွန်းပို့နေခြင်း ဖြစ်သည်။

### ဇူလိုင်

#### ပြင်သစ်နိုင်ငံ၌ တောမီးလောင်မှု

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းဒေသ ဂျီရွန်ဒီ၌ ဇူလိုင်လက တောမီးလောင်မှုဖြစ်ပွားခဲ့ရာ ဧကပေါင်း ၅၁၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် လူပေါင်း ၃၆၇၅၀ လည်း တောမီးကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ဩဂုတ် ၁၂ ရက်အထိ ဂျီရွန်ဒီဒေသတွင် အကြီးအကျယ်လောင်နေသော တောမီးကို မီးသတ်သမား ၁၀၀၀ ကျော်က မီးငြိမ်းသတ်ရန် ကြိုးစားခဲ့ကြသည်။ အဆိုပါ တောမီးကြောင့် သစ်တောဧက ၁၈၀၀၀ မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံ ၁၀၀၀၀ အိုးအိမ် စွန့်ခွာထွက်ပြေးခဲ့ရသည်။ ထို့ပြင် အဆိုပါ တောမီးကို ပိုလန်၊ ရိုမေနီးယား၊ ဩစတြီးယားနှင့် ဂျာမနီနိုင်ငံတို့မှ မီးသတ်သမားများနှင့် ဂရိ၊ အီတလီနှင့် ဆွီဒင်တို့မှ ရဟတ်ယာဉ်များကလည်း တောမီးလောင်မှု ငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင် ကူညီခဲ့ကြသည်။ တောမီးလောင်မှုသည် ပြင်သစ်နိုင်ငံအပြင် အယ်ဘေးနီးယား၊ အယ်ဂျီးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်၊ ဂျာမနီ၊ ဂရိ၊ အီတလီ၊ လက်ဘနွန်၊ မော်လ်တာ၊ မော်ရိုကို၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ တူရကီ၊ တူနီးရှား၊ ဗြိတိန်နိုင်ငံတို့တွင်လည်း တောမီးလောင်မှု ဖြစ်ပွားခဲ့သည်။



ဇူလိုင် ၁၇ ရက်က ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း လန်ဒီးယပ်စ် ဒေသအနီးတွင် တောမီးလောင်မှုကို တွေ့ရစဉ်။

### စက်တင်ဘာ

#### တရုတ်နိုင်ငံ၌ ငလျင်လှုပ်ခတ်

အင်အားပြင်းထန်သော ငလျင်တစ်ခု တရုတ်နိုင်ငံ အနောက်တောင်ဘက်ဒေသရှိ လူဒင်ကောင်တီဒေသ၌ လှုပ်ခတ်ခဲ့သည်။ အဆိုပါ ငလျင်မှာ လူပေါင်း သန်း ၂၀ နီးပါးနေထိုင်သော စီချွမ်ပြည်နယ်၏ မြို့တော် ချန်ဒူမှ မိုင် ၁၄၀ ခန့်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်ဘူမိဗေဒစစ်တမ်းအရ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်တွင် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ လှုပ်ခတ်ခဲ့သော ထိုငလျင်ပြင်းအားမှာ ၆ ဒသမ ၆ အဆင့် ရှိသည်ဟု ဆိုသည်။ ငလျင်ဗဟိုချက်နှင့် မိုင်ရာချီဝေးသော တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်ရှီးပြည်နယ်နှင့် ကွေကျိုးပြည်နယ်အပါအဝင် အနီးပတ်ဝန်းကျင်ရှိ လူတစ်သန်းကျော် အဆိုပါ ငလျင်လှုပ်မှုဒဏ်ကို ခံစားခဲ့ကြရသည်ဟု ဆိုသည်။



ထို့ပြင် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ် Lianyungang မြို့၌ ဇူလိုင်လက လေဆင်နှာမောင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လေဆင်နှာမောင်းသည် Lianyungang အပြင် ဖိုရှန်မြို့၊ ချောင်ကျိုးမြို့၊ ဂွမ်ဒေါင်းပြည်နယ်တို့တွင်လည်း တိုက်ခတ်ခဲ့သည်။

### ဇူလိုင်

#### အပူလှိုင်းကျရောက်

အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများအတွင်း စံချိန်တင်အပူလှိုင်းကျရောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ဇူလိုင်လတွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်တွင် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ကျော်အထိ ရောက်ရှိခဲ့သည်။ ဗြိတိန်နိုင်ငံ၏ အပူချိန်သည်လည်း နွေရာသီတွင် ယခင်တင်ထားခဲ့သော စံချိန်ထက် ၁ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ် ကျော်လွန်ခဲ့သည်။ ဂျာမနီနိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူပေါင်း ၈၁၃၈ ဦးအထိ ရှိသည်။ ထို့ပြင် ဗြိတိန်၊ စပိန်၊ ပေါ်တူဂီ၊ အိုင်ယာလန်၊ ပိုလန်နိုင်ငံတွင်လည်း အပူလှိုင်းကျရောက်ပြီး လူပေါင်းများစွာ သေဆုံးမှုဖြစ်ပွားခဲ့သည်။

### ဒီဇင်ဘာ

#### ကမ္ဘာတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်အထိ ကမ္ဘာတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူပေါင်း ၃၇၆၆၁၅၃ ဦးရှိပြီး သေဆုံးသူပေါင်း ၃၅၈၂ ဦးအထိ ရှိကြောင်း အစီရင်ခံစာများအရ သိရသည်။ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးမှာ ဘရာဇီးနိုင်ငံက ၂၁၈၂၂၂၉ ဦးနှင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံက ၃၂၅၆၀၄ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၂၀၁၅၀၉ ဦး၊ အိန္ဒိယနိုင်ငံက ၁၁၀၄၇၃ဦး၊ အင်ဒိုနီးရှားနိုင်ငံက ၉၄၃၅၅ ဦး ရှိကြောင်း သိရသည်။ အဆိုပါ ရောဂါကြောင့် သေဆုံးသူ အများဆုံးစာရင်းတွင်လည်း ဘရာဇီးနိုင်ငံက ၉၂၉ ဦး ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံ ၁၁၂ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၆၅၆ ဦး၊ အိန္ဒိယနိုင်ငံက ၈၆ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံက ၈၅၃ ဦးရှိကြောင်း သိရသည်။



### ဒီဇင်ဘာ

#### အင်ဒိုနီးရှား ဆီမီရူမီးတောင်ပေါက်ကွဲ

ဒီဇင်ဘာ ၄ ရက်က ဆီမီရူမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်တွင် အလွန်ကြီးမားသော မီးခိုးလုံးကြီးများ ဖုံးလွှမ်းမြင့်တက်ခဲ့သည်။ လူပေါင်းနှစ်ထောင်သည် ၎င်းတို့၏ ရွာများကို မီးခိုးပြာများ ဖုံးလွှမ်းသွားသောကြောင့် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ သိပ်သည်းထူထပ်သည့် ပြာပူပြာခိုးများကြောင့် နေရောင်ခြည်ကိုပင် မမြင်တွေ့ရကြောင်း၊ အဆိုပါ ပြာပူပြာခိုးတွေဟာ မုတ်သုံမိုးနှင့် ပေါင်းစပ်သွားပြီး ညစ်ပေသော ပြာအနှစ်များ ဖြစ်သွားသည်ဟု ဆိုသည်။ ဆီမီရူမီးတောင် အကြီးအကျယ်ပေါက်ကွဲမှုမှာ ယမန်နှစ်က ဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၀ သေဆုံးခဲ့ကြောင်း သိရသည်။ ယခု အကြိမ်ပေါက်ကွဲမှုသည် လူရာနှင့်ချီ သေဆုံးမှုဖြစ်စေခဲ့သည့် ငလျင်အပါ အဝင် ငလျင်များ ဆက်တိုက်လှုပ်ခတ်မှုအပြီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**သတင်းအဖွဲ့ - စုစည်းတင်ပြသည်**

# သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင် ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင် ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ ပေါက်ကွဲမှုကြောင့် အရှည်ပေ ၂၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်း ပြိုကျပျက်စီးခဲ့ပြီး လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် တံတားအား ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးမှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသော ယောက်တဝချောင်းကူးတံတားကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မောင်တောမြို့နယ် အကောက်ခွန်ဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကညင်ချောင်းစပ်တွင် အကောက်ခွန်မဲ့ ESSE တံဆိပ် နိုင်ငံခြားစီးကရက် အတောင့် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၅၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောပိုးအိတ် အလုံး ၉၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂,၄၃၆,၀၀၀) နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀,၀၀၀,၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂,၄၃၆,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များ အတွင်း တရားမဝင် သစ်မျိုးစုံ (၃၉၅ ဒသမ ၈၄၇၆) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅,၃၅၈,၈၁၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည် ဝန်စည်များနှင့်အတူ ရောနှော သယ်ဆောင်လာသော သက်ဆိုင်ရာ တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Swiss Time အမျိုးအစား Couple Watch ၁၃ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၉၀၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံ တက္ကသိုလ်အနီးတွင် ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sponsor တံဆိပ် အားဖြည့်အချိုရည် ချပ်ဖာ ၁,၃၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉,၅၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅,၀၀၀,၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄,၅၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈,၆၄၄,၈၁၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

○ *ကျောဖုံးမှ*

ထိုင်းလိဂ်-၃ ကလပ် ကမ်ဖန်ဖက် အသင်းတွင် သွားရောက်ကစားခဲ့သည့် ကစားသမားဟောင်းဖြစ်သူ တောင်ပံကစားသမား ကောင်းထက်စိုး၊ ဂါနာနိုင်ငံသား နောက်ခံလူ မာလီဟာဘီလာတို့ကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ကစားသမားသစ်များ ခေါ်ယူလျက်ရှိပြီး ဝါရင့်တိုက်စစ်မှူး ကျော်ကိုကို ကို ခေါ်ယူပြီးနောက် အား/ကာသိပ္ပံအသင်းမှ တိုက်စစ်မှူး ခင်ကျော်ဝင်းနှင့် မြန်မာ့လက်ရွေးစင်ကွင်းလယ်တိုက်စစ်ကစားသမား လင်းထက်စိုး၊ ရတနာပုံအသင်းမှ နောက်တန်းအစွန်လူ အောင်ဝဏ္ဏစိုးတို့ကို ခေါ်ယူထားသည်။

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အခြားအသင်းများထက် လက်ဦးမှုရယူကာ ပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်နေခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-YUFC**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာနေ ကောင်းထက်ဇော်နှင့် ဇာဇာထက်မြတ်ဦးတို့သည် ၎င်းတို့ အသုံးပြုသည့် “Kaung Htet Zaw” Facebook အကောင့်၊ “Zar Zar Htet Myat Oo” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ရွှေဖူးအိမ် (ခ) ဖူးဖူးသည် ၎င်းအသုံးပြုသည့် “Phue Phue” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ်၊ ဓာတ္ထုဂ်သုတ်အနက္ခရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၃၅** အသွင်ဆန်းပြား ဟိုကျင်းရွာမှ အာခါ လူမျိုးများ(CBT)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၅၃)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၅၀** မြန်မာ-ရုရှားဆက်ဆံရေးသည်သွေးစည်း ချစ်ကြည်ထာဝရတည်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** နိပါတ်တော်လာဇာတ်သဘင်မဟာ 'ရေသည်ပြဇာတ်'
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၅၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ် ယှဉ်ပြိုင်နေမှုအစီအစဉ်
**၂၁:၁၅** (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်) (အမျိုးသား) (ပထမဆု) 'မဟောသဓာဇာတ်' (ဦးကျော်ငြိမ်း(၁)သက်ဇော်) (မန္တလေးတိုင်းဒေသကြီး)

**mitv**

**07:01** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe
**07:05** Listening Pleasure, Instrumental Music (Piano) Can't help falling in love with you
**07:10** Up Against The Tide
**07:27** Danu Food: Pounded Crab Apple Salad
**08:01** News
**08:28** Rakhine Tourist Area
**09:01** Myanma Traditional Art, Silversmith
**09:05** Myanmar Prehistory
**09:30** Don Min Artist
**09:49** Tray Art Products
**10:01** News
**10:26** Topical Topics (No.30) Information Technology, IT and IT Tool

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကြက်သားတုံးကြော်
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပင်လောင်ရှမ်းစက္ကူ
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားတိုင်းရင်းသားများရဲ့တဘူး(ခေါ်)တားမြစ်ချက်
**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ထွန်းထောက်လာသော ကြယ်တစ်ပွင့်
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အနောက်တောင်အရပ်ဆီက ဟိုင်းကြီးကျွန်း
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပန်းချီဆရာ စောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၁၅** မွန်ပြည်နယ် တရားလွှတ်တော်ရုံး အဆောက် အအုံအသစ်
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၀၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
**၀၇:၁၅** အပန်းဖြေခရီးတစ်ခေါက် လီမွှော်ခြံသို့ အရောက်
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၅၀** တောင်သူဘဝမြင့်မားဖို့ချည်မျှင်ရှည်ဝါစိုက်ပျိုးစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ပန်းချီဆရာကြီးများ ရေဆေးပန်းချီ လက်တွေ့ရေးဆွဲ



**ရန်ကုန် ဇန်နဝါရီ ၁၇**

ဒုတိယမြောက်The Gallerie Z Collectibles ပန်းချီပြပွဲနှင့် ရေဆေးပန်းချီ လက်တွေ့ရေးဆွဲခြင်းကို ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်း အမှတ် (၃၄) The Rock By Color Shones ဆိုင်၌ ပြုလုပ်သည်။

ပြပွဲတွင် ပန်းချီဆရာများဖြစ်သော ဦးလှမြင့်၊ ဦးမိုးလွင်၊ ဦးဇော်ထူး၊Than Htike Soe နှင့် Chue Chue တို့က ရေဆေးတို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၃၀ ပြသထားသည်။ အဆိုပါ ပြပွဲတွင် နှစ်ပတ်တစ်ခါ ပန်းချီဆရာကြီးများကို ဖိတ်ကြားကာ မော်လ်ဒယ်ဖြင့် လက်တွေ့ရေးဆွဲကြသည်။

"အနုပညာ လုပ်ငန်းနဲ့ ဆက်စပ်မိတာရယ်၊ The Gallerie Z Collectibles က ကမ်းလှမ်းတာရယ်ကြောင့် မြန်မာဝတ်စုံနဲ့ လာထိုင်ဖြစ်တာပါ။ ပန်းချီဆရာအချင်းချင်း ပညာဖလှယ်ကြတာ ပိုကောင်းတာပေါ့။ အခု တေးသီချင်း အယ်ဘမ်တွေ လုပ်နေပါတယ်"ဟု တေးသံရှင် မေနှင်းကိုကိုက ပြောသည်။

ယင်းပြပွဲတွင် ပန်းချီကား ဈေးနှုန်းအနေဖြင့် ငွေကျပ်နှစ်သိန်းမှ သုံးသိန်းကျော် အထိရှိကြောင်း၊ ပြပွဲကို ဒီဇင်ဘာ စတုတ္ထအပတ်က ဖွင့်လှစ်ခဲ့ပြီး ဇန်နဝါရီ ၂၃ရက်အထိ ပြသသွားမည်ဖြစ်သည်။ **အာကာလင်း**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၂၅၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၂၅၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၁၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၁၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၅ ကျပ် | ၂၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၅ ကျပ် | ၂၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၀ ကျပ် | ၂၂၈၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၇၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၃၇၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၂၈ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၅ . ၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၇၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀၀ | ၄၃၀၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၂၁၄ | ၇၀၆၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၄၂၅ | ၈၀၇၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀၀ | ၉၈၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**




**တစ်ဦးတည်း ဖြစ်ကြောင်း**

ဦးသာချို၏သား ဦးသူရ ၈/မကန(နိုင်)၁၉၈၇၈၂နှင့် ဒုတိယတပ်ကြပ်ထွန်းထွန်း(ကတ-၁၂၅၀၂၉)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသူရ(ခ)ဒုတိယတပ်ကြပ်ထွန်းထွန်း

## အမည်မှန်

မြောက်ဦးမြို့၊ အထက-၂၊ ပထမတန်းမှ ဦးစိန်အောင်သန်း၏သား မင်းသူရကျော်၏ အမည်မှန်မှာ မင်းသူရအောင် ဖြစ်ပါကြောင်း။ **မင်းသူရအောင်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက-၂၊ အဌမတန်းမှ မောင်ဇော်လင်းဦး၏ဖခင် ဦးဝင်းသိန်းမောင်၏ အမည်မှန်မှာ ဦးဇော်ထွန်းဝင်း ၁၁/မဥန(နိုင်)၁၀၀၂၇၆ ဖြစ်ပါကြောင်း။ **ဦးဇော်ထွန်းဝင်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/52273, Shayan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၈/မဘန(နိုင်)၀၇၆၁၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေ ကွက်အမှတ် ၄၃၀၊ ဧရိယာ ၀.၁၁၁ဧ ၀၉၂ ဧကရှိ ဦးအေးတင့်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နီလာအောင်(ဘ)ဦးတင်ဝင်း ၉/မနမ(နိုင်) ၁၁၉၅၁၄ မှ မြေငှားစာချုပ်၊ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၀၆/၂၀၁၈ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသန်းဝင်းလှိုင် (ဘ)ဦးချစ်လှိုင် ၅/မရန(နိုင်)၁၄၈၅၃၅ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊မကွေးမြို့၊ဈေးလယ်စိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၆ အလယ်ရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၁၆က+၁၆ခ၊ ဧရိယာ ၀.၁၁၁မ ၀၄၅ ဧက(အလျား ၃၂ပေX အနံ ၇၅ပေ)ရှိ ဦးလင်းကြည်-ဒေါ်မိုးမိုးသူတို့၏ အမည်ပေါက် ဂရန်အမှတ်အမှတ် ၄၉၄/၂၀၁၈-၂၀၁၉(မကွေး) နှစ်(၃၀) ဂရန်မြေကွက်အား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်မိုးမိုးသူ (ဘ)ဦးစိုး ၈/မကန(နိုင်)၁၀၉၆၉၂ ထံမှ ကျွန်မ ဒေါ်နွဲ့နွဲ့အေး(ဘ)ဦးလှဆောင် ၁၂/မဂဒ(နိုင်)၀၁၇၃၉၉၊ အမှတ် ၃၂၆/၃၂၇၊ ၅လမ်း၊အောင်စေတနာရပ်၊ မကွေးမြို့နေသူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများ ခိုင်လုံစွာဖြင့် ကျွန်မထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေကွက် အရောင်းအဝယ် ကိစ္စအရပ်ရပ်အား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့အေး ၁၂/မဂဒ(နိုင်)၀၁၇၃၉၉**
**အမှတ် ၃၂၆/၃၂၇၊ ၅လမ်း၊ အောင်စေတနာ(က)၊ မကွေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/8467, Toe M.P.V(Tmpv-01), Micro Bus(4X4) R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၂/တမန(နိုင်) ၀၄၅၉၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း

ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ်(၁၁၁)၊ ဧရိယာ ၀.၁၁၁မ၀၅၅ ဧကရှိမြေကို ဦးညို အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်း ဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/41385, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသန္တာ ၁၄/ပသန(နိုင်)၁၈၂၇၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1494, Mitsubishi Canter FE63EGX, Truck (4x2)(R) ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2B/6950,Nissan Cander CM87 HA, Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၁၄/ပသန(နိုင်)၀၈၉၂၂၁ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄/စက်မှုဇုန်၊ မြေကွက်အမှတ် ၂၅၄မြေကွက်တည်နေရာ အမှတ်-၂၅၄၊ ပန်းလောင် (၂)လမ်း၊ ၆၄ရပ်ကွက်၊ ဒဂုံတောင် ဦးတင်ဝင်း (WAW-၀၈၈၈၆၀) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ဝင်း(ခင်ပွန်း) (၁၄-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်အန်ဟာ ၁၂/ကတတ(နိုင်)၀၁၉၁၅၉၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် -၅၆၂၀/၂၀၂၁ (၁၆-၉-၂၀၂၁)ရရှိသူ ဦးစိန်ထွန်းအောင် ၁၂/ကတတ(နိုင်)၀၂၅၉၅၈မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူဇနီးဖြစ်ကြောင်း အခြားတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံခွင့်မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၄၀၁/၂၀၂၂၊ (၁၃-၁၀-၂၀၂၂)အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ-၅၆၂၀/၂၀၂၁(၁၆-၉-၂၀၂၁)ဖြင့် ကိုယ်စားလှယ်လွှဲသူ ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၄၀၀/၂၂ (၁၃-၁၀-၂၀၂၂)၊ နှစ် ၆၀ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ RC နှစ်ထပ်တစ်လုံးရှိပြီး လူမနေသော့ပိတ်ထား၍ လျှောက်ထားသူမှ အိမ်သော့ဖွင့်ပြပြီး ဦးစိန်ထွန်းအောင်မှ သိရှိသဘောတူလက်မှတ်ရေးထိုးပေးပါသဖြင့် ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ နှင့်ဆက်နွှယ်သည့်
## ၂၀၂၂ခုနှစ်၊တရားမဇာရီမှုအမှတ် -၁၃၆

ဒေါ်ဝေဝေလွင် နှင့် ၁။ တာဝန်ခံဒါရိုက်တာMKGကုမ္ပဏီ
၂။ ဦးကျော်ဇင်လတ်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အထက်လိပ်စာပါ မိတ္ထီလာမြို့၊ ဝန်ဇင်း(၁)ရပ်ကွက်၊ ဇဝနလမ်း၊ အမှတ်(၂၁)နေ တာဝန်ခံဒါရိုက်တာ KMG ကုမ္ပဏီနှင့် ဦးကျော်ဇင်လတ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၃ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထိပ်ထားလေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ကျောက်တံတားခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8988, Toyota Hilux Kun 26L Pickup ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမြင့် ၉/ပဥလ(နိုင်)၀၂၆၀၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## အမည်ပြောင်း

